မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဇွန် ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၅၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ယနေ့ပြည်သူဟာ ၁၉၈၈ ခုနှစ်က ပြည်သူမဟုတ်တော့ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအမြင် အသိဗဟုသုတ မြင့်မားပြီး အကြောင်းအကျိုး၊ အကောင်းအဆိုးကို ကောင်းကောင်းခွဲခြား နားလည်နိုင်တဲ့ အတွေးအခေါ် မြင့်မားရင့်ကျက်တဲ့ အရည်အသွေးမြင့် ပြည်သူတွေဖြစ်နေကြပါပြီ။ အရင်တုန်းကလို နိုင်ငံရေးသမားတွေပြောသမျှ၊ ဟောသမျှ မစားရဝခမန်း လိမ့်လုံးညာလုံးတွေကို ရောယောင် လက်ခုပ်တီးရင်း ပုဂ္ဂိုလ်ရေး ပေါ်လွင်ထင်ရှားမှုကို ဘုမသိဘမသိ ခေါင်းညိတ် ထောက်ခံခဲ့တဲ့သူတွေ မဟုတ်တော့ပါဘူး။

လူသစ်(ပိတောက်မြေ)၏ ဆောင်းပါး စာ ၈ နှင့် ၉

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို ရန်ကုန်တိုင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မောင်းမကန်ကမ်းသာလမ်း၌ မဟော်ဂနီပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်ပြီး သစ်ပင်များ စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

လေဘေးသင့် ပြည်သူများအား အနုပညာ စွမ်းအားဖြင့် စိတ်ခွန်အား ဖြည့်တင်းပေး

ရန်ကုန် ဇွန် ၁၅

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌ လေဘေးသင့်ပြည်သူများအား အနုပညာစွမ်းအားဖြင့် စိတ်ခွန်အား ဖြည့်တင်းပေးရန် ရည်ရွယ်၍ အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများနှင့် ဖျော်ဖြေခဲ့ကြကြောင်း၊ သျှားညို၊ သားညီ၊ ဇွဲနိုင်ဝင်း၊ ဟဲလေး၊ အနဂ္ဂ၊ ပြေဇင်၊ ယုန်လေး၊ ဒီယံ၊လင်းရာ၊ တက္ကသိုလ်ဂွမ်းပုံ၊ စုလှိုင်နှင်း၊ ဆုပန်ထွာ၊ ပုလဲဝင်း၊ မိုးပြည့်ပြည့်မောင်၊ ပွင့်၊ သံသာဝင်း၊ မီးမီးခဲ၊ ဇမ်နူး၊ ကာကာ၊ Blueberry၊ ဂူးဂူး၊ သူသူ၊

စာမျက်နှာ ၉ ကော်လံ ၆ ■

တက်နေဝင်းထွန်းဆေးရုံသင်္ဘောဖြင့် လေဘေးသင့် ပြည်သူများအား တိုင်းရင်းဆေး ကုသမှုပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၅

တိုင်းရင်းဆေးပညာဦးစီးဌာန နယ်လှည့်တိုင်းရင်းဆေးကုသရေး တက်နေဝင်းထွန်းဆေးရုံသင်္ဘောသည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ငပုတောမြို့နယ် ကျုံကူးကျေးရွာမှ ထွက်ခွာရာ ဟိုင်းကြီးကျွန်းသို့ နံနက် ၆နာရီခွဲတွင် ရောက်ရှိပြီး ဟိုင်းကြီးကျွန်း၌ တိုင်းရင်းဆေးဖြင့် ရွေ့ပြေးကုသပေးနေသည့် ကန်ကြီးဒေါင့်၊ ရေကြည်၊ ကျုံပျော်၊ သာပေါင်းမြို့နယ်တို့မှ ဆေးခန်းမှူး ၅၁ဦးတို့ လာရောက်ပူးပေါင်းကြသည်။

ဆက်လက်၍ တက်နေဝင်းထွန်း ဆေးရုံသင်္ဘောသည် ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ရောက်ရှိပြီး တိုင်းရင်းဆေးဖြင့် လူနာ ၃၄၂ ဦး၊ အနောက်တိုင်းဆေးပညာဖြင့် လူနာ ၉၁ ဦး၊ စုစုပေါင်း လူနာ ၄၃၃ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးကုသမှုပေးခဲ့သည်။

ဆက်လက်ထွက်ခွာ

ထို့နောက် တိုင်းရင်းဆေးကုသရေး တက်နေဝင်းထွန်းဆေးရုံသင်္ဘောသည် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေးအတွက် ငပုတောမြို့နယ် အုတ်တွင်းကျေးရွာသို့ ဆက်လက်ထွက်ခွာသွားကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ရေယာဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိ

ရန်ကုန် ဇွန် ၁၅

မော်လမြိုင်ကျွန်းမြို့နယ်တွင် လေဘေးဒဏ်ခံရပြီးနောက် ယနေ့အထိ နေ့စဉ် ရေယာဉ်အစင်း ၁၀၀၀ခန့် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် မြင်းကောင်ရေ ၂၀ အောက် ရေယာဉ်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးနီက ပြောကြားသည်။

ပုံမှန်သယ်ယူပြေးဆွဲ

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ပြေးဆွဲနေသည့် ရေယာဉ်လိုင်းပေါင်း ၁၂၀ ခန့်ရှိရာ ယခုအခါ ခရီးစဉ်လိုင်းအားလုံးနီးပါး ပြန်လည်ပြေးဆွဲနေပြီး ကျေးရွာများမှ ခရီးသည်များနှင့် ကုန်ပစ္စည်းများကို ပုံမှန်သယ်ယူပြေးဆွဲနေပြီဖြစ်သည်။

ထို့အပြင် မော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းကာ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကိုလည်း သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၁၆ ရက်)

လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး ကျရာကဏ္ဍမှ စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်က လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျင်မြန်ထိရောက်မှု ရှိစေရေးအတွက် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများနှင့်အတူ လယ်ယာသုံး စက်ကိရိယာများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြို့ပြ၊ ကျေးရွာများ ပြန်လည်တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် သစ်ခွဲသားနှင့် သစ်လုံးတန်ချိန် တန်တစ်သောင်းကျော်ကို လေဘေးသင့်ဒေသများအရောက် ပို့ပိုးဖြန့်ဖြူးပေးခဲ့သည်။ ထို့ပြင် တောင်သူလယ်သမားကြီးများ မိုးရာသီအချိန်မီ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်နိုင်ရေးအတွက် မျိုးစပါးနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးပို့လျက်ရှိရာ တောင်သူဦးကြီးများ လယ်ယာမြေများ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်လျက်ရှိသည်။

လေဘေးသင့်ဒေသတစ်ခုဖြစ်သည့် မော်လမြိုင်ကျွန်းမြို့ပေါ်တွင် ပျက်စီးသွားသော စာသင်ကျောင်းများနှင့် ရုံးအဆောက်အအုံများကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ လုပ်ငန်းများ ပြီးမြောက်အောင်မြင်လာပြီ ဖြစ်သည်။ မြို့ပေါ်နှင့်ကျေးရွာရှိ စာသင်ကျောင်းများအားလုံး ပြန်လည်ပြုပြင် ပြီးစီး၍ ကျောင်းများ ပုံမှန်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကျောင်းသားကျောင်းသူများ စာပေသင်ကြားလျက် ရှိနေကြပြီဖြစ်သည်။

အများသုံးတယ်လီဖုန်းများ ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် ဆက်သွယ်ရေးတိုင်များနှင့် ကြိုးများ ပြန်လည်ထူထောင် ဆက်သွယ်ပေးခဲ့သည့် အပြင် စီဒီအမ်အေတယ်လီဖုန်းများပါ တပ်ဆင်အသုံးပြုနေပြီဖြစ်၍ ဒေသတွင်းသာမက တစ်နိုင်ငံလုံးသို့ ပုံမှန်ဆက်သွယ် ပြောဆိုနိုင်ပြီဖြစ်သည်။ လျှပ်စစ်မီး အပြည့်အဝရရှိရေးအတွက်လည်း ဓာတ်တိုင်ထူခြင်း၊ မီးကြိုးများသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၉၀ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။ အလားတူ ဘိုကလေးမြို့နယ်၌ ရုံးဌာနအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်မှု ရာနှုန်းပြည့် ပြင်ဆင်မွမ်းမံပြီးဖြစ်သကဲ့သို့ ဆက်သွယ်ရေးစနစ်လည်း ပုံမှန်လည်ပတ်နေပြီဖြစ်ရာ မြို့အင်္ဂါရပ်နှင့်အညီ စည်ကားလျက်ရှိသည်။

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်ကဦးဆောင်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဖော်ဆောင်လျက်ရှိရာ တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်တိုအတွင်း တိုးတက်အောင်မြင် လာနေပြီ ဖြစ်သည်။

နိုင်ငံတော်က လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် ပြည်သူများက တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများ၌ ကျရာကဏ္ဍမှ စွမ်းအားအပြည့်အဝပေးပြီး ပူးပေါင်းဆောင်ရွက်လျက် ရှိသဖြင့် အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်း အမှတ်၃၅၅နေ ဦးထွန်းဝင်း-ဒေါ်မိုးစန္ဒာ၊သမီး မအိသံသာဟန်မိသားစုက ငွေကျပ် ၁၁၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်နှင့် ဦးဟံညွှန့် တို့က လက်ခံယူကြသည်။ (ဝဲပုံ)

အဆိုပါစောင်းတန်း တော် ကြီး တည် ဆောက်ရေး အတွက် လှူဒါန်း လိုသည့် အလှူရှင် များ အနေဖြင့် စေတီတော်ဂေါပကရုံးဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ညောင်တုန်းနှင့် မအူပင်မြို့နယ်ရှိ ဆေးရုံများ ဝန်ကြီးဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်း ညောင်တုန်း မြို့နယ် ဆားမလောက်ကျေးရွာရှိ တောင်သူလယ်သမားများဆေးရုံနှင့် မအူပင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံများသို့ သွားရောက်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် တောင်သူလယ်သမားဆေးရုံ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေး ဆောင်ရွက်ထားရှိမှုနှင့် လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးသို့ သွားရောက်၍ သားဖွားနှင့် မီးယပ်ကုသဆောင်၊ အရိုးအကြောနှင့် ထိခိုက်ဒဏ်ရာကုသဆောင်ရှိ လေဘေးသင့်ဒဏ်ကြောင့် ကိုယ်အင်္ဂါထိခိုက် ပျက်စီးခဲ့ရသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်ချက်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားသည်။ **(သတင်းစဉ်)**

သာသနာရေးဦးစီးဌာန နိကာယ်စာမေးပွဲ သတ်မှတ်စာဖြေဌာနများ၌ တစ်ပြိုင်တည်းကျင်းပမည်

ရန်ကုန် ဇွန် ၁၅

သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော နိကာယ်စာမေးပွဲကို ၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၇ရက် (ဇူလိုင် ၉ရက်) ဗုဒ္ဓဟူးနေ့မှ ဝါဆိုလဆန်း ၁၁ရက် (ဇူလိုင် ၁၃ရက်) တနင်္ဂနွေနေ့အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

ဖြေဆိုခွင့်ပြုမည်

စာမေးပွဲ ကျင်းပရက် ငါးရက်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

ဆက်လက်ပေးပို့

စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

ငွေပဒေသာပင် လှူဒါန်း

ဇွန် ၈ ရက်က ကွယ်လွန်သွားသော ဦးလှအောင်မန်နေဂျာ သစ်လုံးရောင်း ဌာနစု(၂)အား ရည်စူး၍ ကျန်ရစ်သူမိသားစုနှင့် ၁၉၈၄ခုနှစ် လက်ထောက်မန်နေဂျာ(ရောင်း/စက်) သူငယ်ချင်းများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင် ငွေကျပ် ၄၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၆-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၃၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာစား** (အပိုင်း-၂၉)

● *ရှေ့ဖုံးမှ*

ဂုဏ်ပြုကြိုဆို

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၁၆) ရပ်ကွက် မောင်းမကန်ကမ်းသာလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်ဝင်းက ယခုနှစ်မိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း သစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တိုင်းနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်သည်။

ပျိုးပင်များပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကတို့က ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မောင်းမကန်ကမ်းသာလမ်းတစ်လျှောက်၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စိန်ပန်း၊ ခရေ၊ စားတမာ၊ မန်ကျည်း၊ ပျဉ်းမ၊ မဟော်ဂနီနှင့် ကျွန်းပျိုးပင်ပေါက် အပင် ၂၀၀၀အား စိုက်ပျိုးနေကြသည်ကိုလှည့်လည် ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို နံနက် ၈နာရီတွင် သန်လျင်မြို့နယ်ရှိ ဒဂုံတံတား ချဉ်းကပ်လမ်း၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်ဝင်းက ရန်ကုန်တိုင်းအတွင်း မိုးရာသီသစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဘိုထွန်းက မြို့နယ်အတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးမည့်အစီအစဉ်နှင့် ခြံစည်းရိုးကြက်ဆူပင် အစားထိုးစိုက်ပျိုးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ပျိုးပင်များပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့က ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဒဂုံတံတားနှင့် သန်လျင်-သုံးခွ ကားလမ်းကြား ဒဂုံတံတား ချဉ်းကပ်လမ်းတစ်လျှောက်၌ စိန်ပန်း၊ ခရေ၊ စားတမာ၊ မန်ကျည်းနှင့် ပျဉ်းမ ပျိုးပင် အပင် ၅၀၀၀ စိုက်ပျိုးနေကြသည်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမရှေ့၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ပျိုးပင်များပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကတို့က ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စိန်ရတုခန်းမဝင်းအတွင်းနှင့် စိန်ရတုခန်းမရှေ့ ပြည်လမ်းမတစ်လျှောက်တွင် စားတမာ၊ ပျဉ်းမ၊ စိန်ပန်း၊ မဟော်ဂနီ၊ ခရေနှင့် မန်ကျည်း ပျိုးပင် အပင် ၃၀၀ စိုက်ပျိုးနေကြသည်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ရန်ကုန်တိုင်း သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီတွင် လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်များရှိ သစ်တောကြိုးဝိုင်းများအတွင်း စီးပွားရေးစိုက်ခင်းအနေဖြင့် ကျွန်းစိုက်ခင်း ဧက ၁၅၀၀နှင့် ဆည်နှင့် ရေလှောင်တမံများ၏ ရေဝေရေလဲနေရာများတွင် ရေဝေရေလဲစိုက်ခင်းဧက ၁၂၀၀ စုစုပေါင်းဧက ၂၇၀၀ ကို မေလ ပထမပတ်မှစ၍ စတင်စိုက်ပျိုးလျက်ရှိပြီး ရန်ကုန်တိုင်း ယခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်သို့ ပျိုးပင် အပင် ၈၁၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်သို့ ပျိုးပင် အပင် ၅၃၀၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင်သို့ ပျိုးပင် အပင် ၁၈၇၀၀၀ နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်သို့ ပျိုးပင် အပင်၃၂၅၀၀၀ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထား ကူညီလှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁၅

ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပြီး မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် စာနာထောက်ထား၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထားကာ ကူညီလှူဒါန်းလိုသူများအနေဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီ၏ အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးဌာနသို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

အလှူငွေများ

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ် (၁၆/က) ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ ဆက်သွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်သည်။

ပစ္စည်းများ

ပစ္စည်းများကို ဦးသန်းဦး(ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန) ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တညွှန်ကြားရေးမှူးချုပ်-လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး ရန်ကုန်မြို့သို့ ဆက်သွယ်၍လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တက်ရောက်မည့် သင်တန်းသား/သူများအား ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၁၅

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄၃)သို့ တက်ရောက်မည့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူများအား ဇွန်၄ရက် နံနက်၈နာရီက ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ တွေ့ဆုံမှာကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက သင်တန်းသား သင်တန်းသူများအား လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး ထောက်ပံ့ငွေကျပ် ၅၀၅၀၀၀ကို ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူ မနန်းနွဲ့ရတနာဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပုဇွန်တောင်မြို့နယ်၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော် သံဃနာယကအဖွဲ့က နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီက မြသိန်းတန်ကျောင်းတိုက် ပုဇွန်တောင်မြို့နယ်၌ ကျင်းပသည်။ သင်တန်းဆင်းပွဲသို့ ပုဇွန်တောင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

(က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဇွန် ၁၅

မြောက်ဥက္ကလာပ မြို့နယ်လုံးဆိုင်ရာ သာသနဟိတ ဓမ္မာရုံတော်မြတ်ကြီး၏ (၂၈)ကြိမ်မြောက်ခုနစ်ရက်တရားစခန်းပွဲကို မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ဆရာတော် ဦးပဏ္ဍိတသနှင့် တပည့်များက ဟောကြားပြသပေးမည်ဖြစ်ရာ တရားစခန်းပွဲ ဖြစ်မြောက်ရေး ကောင်းမှုရှင်များနှင့် တရားဝင်ယောဂီများသည် ဇူလိုင် ၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၆၁၀၅၁သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဥတုရာသီ တောကိုမှီ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လုပ်ရှားဆောင်ရွက်မှုများအား ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအား ကျင်းပသွားမည်ဖြစ်ရာ ဆောင်းပါးပြိုင်ပွဲကို မြန်မာအမျိုးသမီးများ **'ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်'** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **'ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ'** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပေးပို့

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူများကို စာလုံးရေသုံးထောင်မှ ငါးထောင်အထိရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မ× ၁၄လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၂ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၆-၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အဆိုပြိုင်ပွဲ
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၀	၆။	**HIV / AIDS** နေတိုး၊ အိန္ဒြာကျော်ဇင်၊ ကျော်ထူး၊ သင်ဇာဝင့်ကျော်၊ ရတနာ၊ ပွင့် ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၈:၁၀	၇။	တေးဂီတအစီအစဉ်
၈:၂၀	၈။	မျိုးမြိုးကြွကြွ ယဉ်ကျေးမှုအက
၈:၃၀	၉။	International News
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပဒေသာ
၄:၂၅	၃။	မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၄:၄၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀	၅။	ကြေးမုံရိပ်သွင်တေးနုယဉ်
၅:၁၅	၆။	**တန်ဖိုး** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၅:၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၃၅။	၈။	အကပြိုင်ပွဲ
၅:၄၅	၉။	ရုပ်မြင်ရသတေးစုကဏ္ဍ ဇော်ဝင်းရှိန်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၆:၅၅	၁၃။	တေးဂီတအစီအစဉ်
၇:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများနှင့်လှည့်ကွက်** (အပိုင်း-၃)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့** (အပိုင်း-၃)

အိုဘားမားနှင့်မက်ကိန်း သမ္မတလောင်း ပြိုင်ဘက်နှစ်ဦး စကားစစ်ထိုးရေးကိစ္စ အပြန်အလှန် အပြစ်တင်နေကြ

ဝါရှင်တန် ဇွန် ၁၅

အိမ်ဖြူတော်ကို မျှော်မှန်းကြသူ ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားနှင့် ရီပတ်ဘလီကင်သမ္မတလောင်း မက်ကိန်းတို့ ပြိုင်ဘက်နှစ်ဦးသည် မြို့တော်ခန်းမတွင် နှစ်ဦးသားစကားစစ်ထိုးပွဲ သတ်မှတ်ချက်များနှင့်ပတ်သက်၍ စကားများကြပြီး နားလည်မှုမရနိုင်ခြင်းအတွက် အပြန်အလှန် ပုတ်ခတ်အပြစ်တင်နေ ကြသည်။

ပြိုင်ဘက်များဖြစ်

ထို့ပြင် လူမှုဖူလုံရေးကိစ္စ ရေရှည်ပြေလည်ရေး၊ အမေရိကန်အစိုးရ ဝန်ထမ်းအငြိမ်းစားပေးမှုစနစ်စသည့် အသေးအဖွဲအကြောင်းအရာများနှင့် စပ်လျဉ်း၍ ငြင်းခုန်နေကြသည်။ သူတို့နှစ်ဦးသည် နိုဝင်ဘာလဆန်း သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် ပြိုင်ဘက်များဖြစ်သည်။

စကားစစ်ထိုးပွဲ

အိုဘားမားနှင့် မက်ကိန်းတို့၏ သီးခြားစကားစစ်ထိုးပွဲများကို လက်ခံပြုလုပ်ပေးရန် ဒီမိုကရက်သမ္မတ ဂျွန်ဆင်၏စာကြည့်တိုက်နှင့် ရီပတ်ဘလီကင်သမ္မတရေဂင်၏စာကြည့်တိုက်တို့က ကမ်းလှမ်းသည်။

ထိုကမ်းလှမ်းချက်ကို ဂျွန်မက်ကိန်း(၇၁)နှစ်က ချက်ချင်းလက်ခံသည်။ ထို့နောက် ပြီးခဲ့သည့်ရက်သတ္တနှစ်ပတ်က သူတို့နှစ်ဦး (၁၀)ကြိမ် စကားစစ်ထိုးရန် ကမ်းလှမ်းသည်ကို အိုဘားမား(၄၆)နှစ်က ငြင်းပယ်သည်ဟု စွပ်စွဲလိုက်သည်။ နွေရာသီတစ်လျှောက်လုံး ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ် တွေ့ဆုံစကားစစ်ထိုးရန် မက်ကိန်းက ရည်ရွယ်သည်။

ကမ်းလှမ်း

ယင်းအစား ဩဂုတ်လကုန် ကျင်းပမည့် ဒီမိုကရက်တစ်ပါတီ နိုင်ငံလုံးဆိုင်ရာ အမျိုးသားညီလာခံမတိုင်မီ မြို့တော်ခန်းမတစ်ခု၌ တစ်ကြိမ်စကားစစ်ထိုးမည်ဟု အိုဘားမားဘက်က ကမ်းလှမ်းသည်ဟု ဆိုသည်။

တိုက်တွန်း

ယင်းကိစ္စကိုပြန်လည်စဉ်းစားရန် အိုဘားမားအား မက်ကိန်းက တိုက်တွန်းထားသည်ဟု သိရသည်။ **(အင်တာနက်)**

အိုဘားမားနှင့် ဂျွန်မက်ကိန်း

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

ဟောင်ကောင် ဇွန် ၁၅

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန် ၁၅ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ရှန်ဟိုင်း	၂၄ °C	မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၂၈ °C	တိမ်ထူထပ်
ဂျပန်	တိုကျို	၂၃ °C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၃၂ °C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟန္နိုင်း	၃၁ °C	လေပြင်းတိုက်၊ မိုးရွာ
ထိုင်း	ဗန်ကောက်	၃၁ °C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၂ °C	မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၃ °C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၀ °C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၅ °C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၁ °C	မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၇ °C	မိုးရွာ

(အင်တာနက်)

လာမည့်ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲ တရားမျှတမှုရှိရန် အာဖရိကခေါင်းဆောင်များသတိပေး

ဂျိုဟန်နစ္စဘတ် ဇွန် ၁၅

ဇွန်၂၇ရက် ကျင်းပမည့် ဇင်ဘာဘွေ နောက်ဆက်တွဲ သမ္မတရွေးကောက်ပွဲ အေးအေးချမ်းချမ်းနှင့် တရားမျှတစွာ ဖြစ်မြောက်ရေးကို အာဖရိကတိုက်မှ ထင်ရှားသည့် ပုဂ္ဂိုလ် ၄၀တို့က အိတ်ဖွင့်ပေးစာတစ်စောင် ထုတ်ပြန်ကာ တိုက်တွန်းလိုက်သည်။

သတိပေး

ဇင်ဘာဘွေ အတိုက်အခံ ခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီးထားမှုကို ဇင်ဘာဘွေ နိုင်ငံ၏ အိမ်နီးချင်း ဘော့ဆွာနာနိုင်ငံက ကန့်ကွက်စဉ် အာဖရိကမှထင်ရှားသည့် ပုဂ္ဂိုလ်၄၀တို့အနက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်ပါဝင်ကာ အထက်ပါအတိုင်း တိုက်တွန်းသတိပေးခြင်း ဖြစ်သည်။

အုပ်ချုပ်

၂၈နှစ်ကြာ တိုင်းပြည်အုပ်ချုပ်လာသူ သမ္မတ မူဂါဘီက ဇွန် ၂၇ရက် သမ္မတရွေးကောက်ပွဲကို အနိုင်ယူကာ ဆက်လက် အုပ်ချုပ်လိုသူ ဖြစ်သည်။ **(အင်တာနက်)**

တောင်အာဖရိကနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး တရုတ်သမ္မတ ဟူကျင်တောင် ကတိပြုပြောကြား

ပေကျင်း ဇွန် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တောင်အာဖရိကနိုင်ငံနှင့် နှစ်နိုင်ငံ မဟာဗျူဟာမိတ်ဖက်အဖြစ် အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးပွားစေရေး ရှေ့သို့ဆက်လက်တွန်းအားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတ ဟူကျင်တောင်က ပေကျင်းမြို့၌ ဇွန် ၁၃ရက်တွင် ပြောကြားလိုက်သည်။

တောင်အာဖရိက အမျိုးသားကွန်ဂရက် အာဖရိကခေါင်းဆောင် ဂျာကော့ဘ်ဇူမာနှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း ဟူက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

လည်ပတ်

တရုတ်-အာဖရိက ဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လာပြီး မကြာမီက နှစ်နိုင်ငံအဆင့်မြင့်အရာရှိများ အပြန်အလှန် သွားရောက်လည်ပတ်ခဲ့ကြသည်။

ပြောကြား

ကမ္ဘာ့စုံ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားကြီးနှင့် နယ်ပယ်အသီးသီး ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများ ပွင့်လန်းလာမည် ဖြစ်ကြောင်း ဟူက ပြောကြားသည်။

အဆိုပါ နှစ်နိုင်ငံသည် နိုင်ငံတကာ နယ်ပယ်တွင်လည်း အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း မစ္စတာဟူက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသည့် ၂၀၀၈ ကားပြပွဲတွင် လျှပ်စစ်စွမ်းအင်ဖြင့် မောင်းနှင်နိုင်သည့် ကားအမျိုးအစားသစ်တစ်စီး ထည့်သွင်းပြသထားသည်ကို ဇွန်၁၄ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယူရေနီယံသန့်စင်ရေး အစီအစဉ် အီရန်အစိုးရ ရပ်ဆိုင်းမည်မဟုတ်ဟုဆို

တီဟီရန် ဇွန် ၁၅

ကမ္ဘာ့အင်အားကြီး နိုင်ငံများ၏ မက်လုံးပေးမှု အသစ်များကို အီရန်အစိုးရက လေ့လာနေစဉ်တွင် ၎င်း၏ ယူရေနီယံ သန့်စင်ရေး အစီအစဉ် ရပ်ဆိုင်းရန်တောင်းဆိုသည့် သဘောတူညီမှုမှန်သမျှကိုပယ်ချမည်ဖြစ်ကြောင်း အီရန်အစိုးရက သတိပေးလိုက်သည်။

အီရန်၏ ယူရေနီယံ သန့်စင်မှု ရပ်ဆိုင်းလျှင် ကုန်သွယ်ရေးအကျိုးအမြတ်ပေးမည်ဖြစ်ကြောင်း အီရန်သို့ ရောက်နေသည့်ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးရာမူဝါဒအကြီးအကဲ ဟာဗီးယားဆိုနာလာက ကမ်းလှမ်းထားသည်။

အီရန်ကလက်ခံရန်ငြင်းပယ်လျှင် ထပ်မံ၍ အီရန်ကို အရေးယူ ပိတ်ပင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့က ခြိမ်းခြောက်ထားသည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲ

အာဖဂန်နစ္စတန် တောင်ပိုင်း ကန္ဒါဟာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီ မြန်နှုန်းမြင့် အင်တာနက်ဆက်သွယ်ရေး ဝန်ဆောင်မှုပေး

ဂျကာတာ ဇွန် ၁၅

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး ဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်သည့် ပီတီတယ်လီကွန်းသည် ၎င်း၏ အင်တာနက် ဝန်ဆောင်ပေးမှု အဆင့်မြှင့်တင်ရန် ရူပီးငွေ နှစ်ထရီလီယံ (အမေရိကန်ဒေါ်လာ၂၁၄ဒသမ၉သန်း)ကို ခွဲဝေသုံးစွဲခဲ့ကြသည်။

ခွဲဝေသုံးစွဲ

အဆိုပါ ငွေကြေးများကို မြန်နှုန်းမြင့် အင်တာနက် ဆက်သွယ်ရေးလုပ်ငန်းများတွင် အချိုးကျ ခွဲဝေသုံးစွဲခဲ့ကြောင်း၊ ယင်းကုမ္ပဏီ၏ ဈေးကွက်နှင့် ဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ဒုတိယဥက္ကဋ္ဌ အီဒီကူးမား၏ ပြောကြားချက်ကို ဂျကာတာပို့စ် နေ့စဉ်သတင်းစာက ဇွန်၁၃ရက်၌ ဖော်ပြသည်။

ပီတီတယ်လီကွန်းကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ဘရော့ဘင်းအင်တာနက် ဆက်သွယ်ရေးအတွက် ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီကြီးဖြစ်သည်။ မြို့ကြီးပေါင်း ၂၀၀ကျော်နှင့် အင်တာနက် ဆက်သွယ်ထားပြီး ယင်းတို့အနက် ၆၁မြို့မှာ မြန်နှုန်းမြင့် အင်တာနက် ဆက်သွယ်ရေးကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အနည်းဆုံး တစ်မီဂါဘိုက်ရှိကြောင်း အီဒီကပြောကြားသည်။

အသုံးပြုနိုင်

အင်ဒိုနီးရှား အင်တာနက်အသုံးပြုသူများ အသင်းမှ စာရင်းအရ ယင်းနိုင်ငံအတွင်း ပြီးခဲ့သည့် နှစ်ကုန်ပိုင်းအထိ ပြည်သူ ၂၅သန်းကျော်တို့သည် အင်တာနက် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နေစကြဝဠာအဖွဲ့ကြီးအတွင်းမှ အကြီးဆုံးဂျူပီတာဂြိုဟ်ကြီး

နာဆာ ဇွန် ၁၅

ဂျူပီတာဂြိုဟ်သည် နေစကြဝဠာအတွင်းရှိ ဂြိုဟ်ကြီးများအနက် တစ်လုံးအပါအဝင်ဖြစ်သည်။



လေ့လာလျက်ရှိ

ယင်းဂျူပီတာဂြိုဟ်ကြီးသည် နေကို လှည့်ပတ်နေသောဂြိုဟ်ကြီးများတွင် ပဉ္စမမြောက်ဂြိုဟ်ကြီးဖြစ်သည်။ နာဆာအာကာသသိပ္ပံပညာရှင်များသည် ယင်းဂြိုဟ်ကြီး၏ ပထဝီနှင့် ရာသီဥတု အခြေအနေများကို လေ့လာလျက်ရှိသည်။

ဓာတ်ပုံရိုက်ကူး

နာဆာမှ အာကာသစူးစမ်းလေ့လာရေး အာကာသယာဉ်တစ်စင်းသည် ၂၀၀၇ခုနှစ် အစောပိုင်းက ဂျူပီတာဂြိုဟ်ကြီးအနီးသို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းဂြိုဟ်ကြီး၏ လေထု၊ ကွင်းများနှင့် အရံလများကို အသေးစိတ်မြင်တွေ့ရပြီး ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာအဖွဲ့က ပြောကြားသည်။

အဆိုပါ သိပ္ပံပညာရှင်များသည် ဂျူပီတာဂြိုဟ်ကြီးအား လေ့လာခြင်းမတိုင်မီက တွေ့မြင်ရန်ခက်ခဲကြောင်း၊ ၎င်း၏ကွင်းများအတွင်း နစ်ဝင်ကွယ်ပျောက်နေတတ်ကြောင်း၊ ဂြိုဟ်၏ ဝင်ရိုးစွန်းဘက်များတွင် အလင်းရောင်တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အကြီးဆုံးဂြိုဟ်

ကက်ဆီနီ အာကာသယာဉ်သည် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း အနီးဆုံးနေရာသို့ ရောက်ရှိခဲ့ကြောင်း ဖလော်ရီဒါ၌ ကျင်းပသော အာကာသသိပ္ပံဆိုင်ရာ အစည်းအဝေးတွင် နာဆာအဖွဲ့က ပြောကြားသည်။

ဂျူပီတာဂြိုဟ်သည် နေစကြဝဠာအဖွဲ့ကြီးအတွင်း အကြီးဆုံးဂြိုဟ်ဖြစ်သည်။ ယင်းဂြိုဟ်သည် လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်ထက် အဆပေါင်း ၃၂၀ပို၍ ကြီးမားသော ဂြိုဟ်ကြီးဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

အာကာသသိပ္ပံ

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

၁၅-၆-၂၀၀၈

အီရတ် ဘာကူဘာမြို့၌ ဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ ဘာကူဘာမြို့ အရှေ့ဘက်ကီလိုမီတာ ၇၀အကွာရှိ ကွာတာဘာကျေးရွာတွင် အမျိုးသမီးတစ်ဦး အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် ၂၉ဦးဒဏ်ရာရရှိသွားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးကင်းလှည့်ရာသို့ အဓိကထား၍ အသေခံဗုံးခွဲတိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင် လေးဦးအပါအဝင် ၁၂ဦး၏အခြေအနေမှာ စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဘိုင်ဘူးပင်လယ်အော်အတွင်း ငါးမျိုး ၃၁သန်း တရုတ်စိုက်ထည့်

တောင်တရုတ်ပင်လယ် အနောက်မြောက်ပိုင်း ဘိုင်ဘူးပင်လယ်အော်အတွင်း တရုတ်နိုင်ငံက ပင်လယ်သမုဒ္ဒရာတွင်းသို့ ငါး ၃၁ဒသမ ၂၈ သန်း လွှတ်ပေးခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အဆိုပါငါးများတွင် ပုစွန်နှင့် ပင်လယ်ငါးမျိုးစုံပါဝင်ကြောင်း ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တရုတ်စိုက်ပျိုးရေး ဝန်ကြီးဌာနက ပြောကြားသည်။

ဘိုင်ဘူး ပင်လယ်အော်သည် တရုတ်နိုင်ငံ၏ ငါးဖမ်းလုပ်ငန်းကြီးလေးခုရှိသည့်အနက် တစ်ခုဖြစ်သည်။ ကွမ်စီကျွမ့်ဒေသသည် ၁၉၈၈ခုနှစ်နောက်ပိုင်း ဘိုင်ဘူး ပင်လယ်အော်အတွင်း ငါးမျိုးများစိုက်ထည့်ခဲ့ရာ သန်း ၄၀၀ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဒေါ်လာဈေးနှုန်း မြင့်တက်

ကမ္ဘာ့ငွေကြေး ဈေးကွက်တွင် အမေရိကန် ဒေါ်လာဈေးနှုန်းမှာ မြင့်တက်လာခဲ့ကြောင်း ဂျပန်ငွေကြေးဈေးကွက်ရှိ စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။

ငွေကြေး လဲလှယ်ရာ၌ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၁၀၇ ဒသမ ၉၃ယန်းမှ ၁၀၈ ဒသမ ၂၁ယန်းသို့ မြင့်တက်လာခဲ့သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ ဗီယက်နမ် ပိုမိုရင်းနှီးမြှုပ်နှံ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် ဗီယက်နမ်နိုင်ငံအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဗီဇန်နမ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသည့် အရှေ့အာရှနိုင်ငံများ၏ (၁၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ထို့ပြင် ဗီယက်နမ်စီးပွားရေးမှာ ၂၀၀၇ခုနှစ်က ၈ဒသမ၅ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယခု ၂၀၀၈ခုနှစ် ပထမလေးလပတ်တွင် ၇ဒသမ၄ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ရန်လိုကာ ရန်ပိုမိသည်၏နောက်ဝယ် . . .

နာစစ်ဒါနီလာ၊ ဂါဘရီယယ်အလီကူနှင့် ဇက်ခ်မရန်ဂျာ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့သည် မြို့တော်ဖြစ်သည့်အတွက် လူဦးရေထူထပ်စွာနေထိုင်သကဲ့သို့ စည်ကားလှသောမြို့ကြီးဖြစ်သည်။ ထို့အပြင် လန်ဒန်မြို့တွင် ဆိုးသွမ်းလူငယ်ဂိုဏ်းများ အများအပြားရှိကာ ရာဇဝတ်မှုထူပြောလှသည့် မြို့လည်းဖြစ်သည်။ လန်ဒန်မြို့တွင် လုပ်ငန်းကိုင်ငန်းများကောင်းသည့်အလျောက် ပြည်ပမှ အလုပ်လာရောက်လုပ်ကိုင်သူများလည်း အများအပြားရှိသည်။ ထိုအထဲတွင် ရှိမေးနီးယားနိုင်ငံသား အူဂျင်ဘရီနာလည်း ပါဝင်သည်။

ဆက်လက်သင်ယူ

အူဂျင်ဘရီနာသည် ဗြိတိန်နိုင်ငံသို့ ၂၀၀၂ခုနှစ် သူ ၁၉နှစ်အရွယ်ကတည်းက လာရောက်ကာ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွင် ဆေးဘက်အကူ ဝန်ထမ်းအဖြစ် လုပ်ကိုင်နေခဲ့ရာ ၂၀၀၄ခုနှစ် သူ့အသက် ၂၂နှစ်အရွယ်ရောက်သည် အထိပင်ဖြစ်သည်။ အူဂျင်သည် သားလိမ္မာ တစ်ဦးဖြစ်ပြီး ရိုမေးနီးယားနိုင်ငံတွင် ကျန်နေခဲ့သော သူ၏ မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမများကို ငွေကြေးထောက်ပံ့ကာ လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။ ထို့ကြောင့်လည်း သူ၏ လုပ်ငန်းအဆင်ပြေကာ ပညာရေးကိုလည်း တစ်ဖက်က ဆက်လက်သင်ယူနိုင်ခဲ့သည်။

ကံဆိုးမိုးမှောင်ကျ

အူဂျင်သည် လုပ်ငန်းတွင် အခြေကျ အသားကျကာ မိဘများထံသို့လည်း ငွေကြေးပို့ပေးနိုင်သည့်အတွက် ထိုလုပ်ငန်းတွင် လုပ်ကိုင်ရသည်ကို များစွာပျော်ရွှင်မိလေသည်။ သူလန်ဒန်သို့ရောက်ပြီး သုံးနှစ်တာကာလခန့်အထိ သူ၏လုပ်ငန်းမှာ ဖြောင့်ဖြူးခဲ့သည်။ သုံးနှစ်ပြည့်မြောက်ပြီး ၂၀၀၅ခုနှစ် အကူးတွင်မူ သူ၏ဘဝတွင် မထင်မှတ်သော ကံဆိုးမိုးမှောင်ကျမှု ကြုံလာခဲ့ရသည်။ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် သူသည်ခါတိုင်းကဲ့သို့ သူတို့ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းသုံး လူနာတင်ယာဉ်ကို သူနေထိုင်ရာ လန်ဒန်မြို့ မြောက်ပိုင်းရှိ ဘောင်းဂရီးအရပ်မှ ကားပါကင်တွင်ထိုးခဲ့သည်။

ထို့နောက် ကားပါကင်ရှိ လူနာတင်ယာဉ်တွင် အစောင့်အဖြစ်အိပ်နေခဲ့မည့် သူနှင့် လုပ်ဖော်ကိုင်ဖက် ဆေးဘက်အကူ ဂရေဟမ်ဝဲသာရီလ်အား နှုတ်ဆက်ပြီး အိပ်စက်အနားယူရန် အိမ်သို့ ပြန်ခဲ့သည်။ သူတို့ ကျန်းမာရေးဝန်ဆောင်မှုဝန်ထမ်းများအနေဖြင့် အချိန်မရှိ အချိန်ရှိ ပြန်ခဲ့ရသည်မို့ အချိန်မှာ ည ၁၁ နာရီရှိနေပြီ ဖြစ်သည်။ ထိုအချိန်တွင် သူ၏အိမ်ရှိရာ လမ်းထိပ်၌ လူငယ်ဘာဝ အချင်းများခဲ့ဖူးသူကို ညအချိန်မတော် မှောင်ရိပ်ထဲတွင် ရုတ်တရက် ဘွားခနဲ တွေ့လိုက်ရသည်။ သူ့အနေဖြင့် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်သဘောထားခဲ့သော်လည်း ထိုသူကသူ့အား အတေးအမှတ် ထားပုံရသည်။ သူ့အနီးသို့ ရောက်သည်နှင့် ယခင်က မကျေနပ်ချက်ကိုပြောကာ သူ့အား ရန်စတော့သည်။ သူ၏လက်ထဲတွင် ဘောလုံးရိုက်သည့် တုတ်တံက ရှိနေသည်။ ထိုအချိန်တွင် သူ၏ အချက်ပေးမှုကြောင့် မှောင်ရိပ်ထဲမှ သူ့လူများ အလျှိုလျှို ထွက်လာကြသည်မှာ ၂၀ခန့်ရှိသည်။ သူတို့၏ လက်ထဲတွင်လည်း ဘောလုံးရိုက်သည့် တုတ်တံများ၊ ဂေါက်သီးရိုက်တံများ၊ ဓားများ၊ သားလှီးဓားများကို တွေ့ရသည်။

ချက်ချင်းတိုင်ကြား

အူဂျင်သည် သူ၏အသက်အန္တရာယ်ကို ရိပ်စားမိကာ လာလမ်းအတိုင်းပြန်လှည့်ကာ ထွက်ပြေးခဲ့ရတော့သည်။ ထို့နောက် လူနာတင်ကားပါကင်ထိုးရာ ပန်းခြံကြီးအနီးရှိ လူနာယာဉ်အတွင်း ဝင်ရောက်ပုန်းခိုနေခဲ့သည်။ သူ့အနေဖြင့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေနှင့်အတူ ကားပေါ်တွင် ပုန်းခိုနေလျက် ဘေးကင်းလုံခြုံသည် ဟူသော ယူဆချက်မှာ တက်တက်စင် အောင်လွဲခဲ့သည်။ အကြောင်းမှာ သူ့နောက်လိုက်လာသူလူ၂၀ခန့်ရှိ လူအုပ်သည် သူပုန်းခိုရာ လူနာတင်ယာဉ်ဆီသို့ အတင်းဝင်ရောက် ဖျက်ဆီးလာခဲ့သောကြောင့်ဖြစ်သည်။ သူ၏ လုပ်ဖော်ကိုင်ဖက်သည် ကားနောက်ပေါက်မှ အလျင်အမြန်ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။ အူဂျင်မှာမူ လူအုပ်အတွင်းမှ လူအချို့၏တုတ်များဖြင့် ရိုက်နှက်မှု၊ ဓားများဖြင့်ထိုးခုတ်မှုကို ခံရကာ အရုပ်ကြိုးပြတ် လဲကျနေခဲ့သည်။ သူ၏မိတ်ဆွေ ဆေးဘက်အကူ ဂရေဟမ်ဝဲသာရီလ်၏ သက်ဆိုင်ရာသို့ ချက်ချင်းတိုင်ကြားမှုကြောင့် တာဝန်ရှိသူများရောက်လာသောအခါ အူဂျင်မှာ သေလုမြောပါးဒဏ်ရာများဖြင့် လဲကျနေသည်ကိုတွေ့ရသဖြင့် ဆေးရုံသို့အရေးတကြီး ပို့ဆောင်သော်လည်း အသက်မမီတော့ပေ။

အသီးသီးချမှတ်

အူဂျင်သေဆုံးမှုနှင့်ပတ်သက်ပြီး လန်ဒန်မြို့အရှေ့ပိုင်း ဘာကီအရပ်မှ အသက် ၁၈နှစ်ရှိ ခရစ္စတီယန်ဆက်ခ်ယီ၊ အပ်တန်ပါ့ခ်အရပ်မှ အသက် ၁၈နှစ်ရှိ ဇက်ခ်မရန်ဂျာ၊ ယင်းအရပ်မှပင် အသက် ၃၀ အရွယ်ရှိ ဂါဘရီယယ်အလီကူ၊ နယူဟမ်အရပ်မှ အသက် ၂၂နှစ်အရွယ်ရှိ နာစစ်ဒါနီလာတို့လေးဦးကို လူသတ်မှုနှင့် စွဲချက်တင်ထားသည်။ အသက် ၂၈နှစ်အရွယ်ရှိ ဂျော်ဂျီဆီချိန်း၊ အသက် ၂၁နှစ်ရှိ ဘော့တမ်ဘူတို့ကို အပြစ်မရှိသဖြင့် ပြန်လွှတ်ခဲ့သည်။ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် တရားရုံးက ဖမ်းဆီးထားသော လေးဦးအနက် ဂါဘရီယယ်အလီကူကို ထောင်ဒဏ်၂၁နှစ်နှင့် ကျန်သုံးဦးကို ထောင်ဒဏ် ၁၆နှစ် အသီးသီး ချမှတ်ခဲ့သည်။

ယခုဖြစ်ရပ်တွင် ဘာမဟုတ်သောကိစ္စကို ရန်လိုကာ ရန်ပိုခဲ့သော လူငယ်၏ လုပ်ရပ်ကြောင့် အပြစ်မဲ့သော အူဂျင်ဘရီနာ ဘဝပျက်ခဲ့ရသောအဖြစ်ကို သင်ခန်းစာယူဖွယ်ရာအဖြစ် ကိုးကားရေးသားလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးသားသည်

ဘဝအမောပြေ

ထိန်းထားပေးပါ့မယ်

တစ်ခုသော နံနက်၌ အမျိုးသမီးတစ်ဦးသည် သူ၏မွေးကင်းစကလေးကိုချီကာ ဘတ်စ်ကားစီးရန် ဂိတ်ထိုးထားသော ကားပေါ်သို့ တက်စဉ် သူမ၏ ကလေးအားကြည့်ကာ ဒရိုင်ဘာက ပြောလိုက်သည်မှာ...

ဒရိုင်ဘာ ။ ။ ဟာ...တော်တော်ရုပ်ဆိုးတဲ့ ကလေးပါလား။

ဒရိုင်ဘာ၏စကားကြောင့် ကလေး၏မိခင်ဖြစ်သူ အမျိုးသမီးမှာ စိတ်ထဲတွင်အတော်ခုသွားကာ ဒေါသထွက်မိလေသည်။ ထို့ကြောင့်သူမသည် ဒရိုင်ဘာနှင့်ဝေးရာ ကားအတွင်းသို့တိုးဝင်ခဲ့ပြီး ခုံလွတ်ရှိရာ အဘိုးအိုတစ်ဦး၏ အနီးတွင် ဝင်ထိုင်လေသည်။

အဘိုးအို ။ ။ ဘာဖြစ်လို့လဲ ကလေးမ၊ တော်တော်ဒေါသထွက်နေပုံပဲ။

အမျိုးသမီး ။ ။ ဟုတ်တယ် အဘရယ်၊ ဒရိုင်ဘာပေါ့၊ အခုလေးတင်ပဲ ကျွန်မကို စော်ကားလိုက်တယ်။

အဘိုးအို ။ ။ ဟုတ်လား၊ မင်းအနေနဲ့ သူ့ဆီက ဒီလိုဆက်ဆံမှုမျိုးကို လက်မခံသင့်ဘူး၊ သူဟာ ပြည်သူ့ဝန်ထမ်းပဲ၊မင်းကို ရိုသေလေးစားမှုတော့ ရှိရမှာပေါ့၊ ငါသာမင်းနေရာမှာဆိုရင် သူ့ကားနံပါတ်မှတ်ပြီး တိုင်လိုက်ပြီ။

အမျိုးသမီး ။ ။ အဘပြောတာမှန်တယ်၊ ကျွန်မလဲ သူ့ကိုတိုင်မလို့။

ထိုအခါ အဘိုးအိုက သူမအားပြောကြားလိုက်သည်မှာ-

အဘိုးအို ။ ။ မင်းတိုင်ချင်ရင် ကားနံပါတ်မှတ်ပြီး သွားတိုင်လိုက်လေ၊ ငါ မင်းရဲ့မျောက်ကလေးကို ထိန်းထားပေးပါ့မယ်။

အမျိုးသမီး ။ ။ “ဘာ”

ဘဝဒဿနအမြင်

* ***One brave deed makes no hero.***
  ရဲရင့်သောလုပ်ရပ်တစ်ခုတည်းဖြင့် သူရဲကောင်းမဖြစ်နိုင်ပေ။
  ဂျွန်ဂရင်းလိဖ်နှင့် ဗှစ်တီယာ (အမေရိကန်လူမျိုးကဗျာဆရာ)

* ***Habit rules the unreflecting herd.***
  အလေ့အကျင့်သည် ပြန်လည်စဉ်းစား သုံးသပ်ခြင်းမပြုတတ်သည့် လူပြိန်းများကို စိုးမိုးထားသည်။
  ဝီလျံဝပ်စ်ဝေါ့သ် (အင်္ဂလိပ်လူမျိုးကဗျာဆရာ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း နိုင်ငံတကာသဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

တရုတ်တောင်ပိုင်း မိုးသည်းထန်၍ ရေကြီး နေအိမ်များပျက်စီးပြီး သေဆုံးသူ ၅၅ ဦးရှိ

စီချွမ် ဇွန် ၁၅

တရုတ်နိုင်ငံတောင်ပိုင်း၌ ရေကြီးမှုကြောင့် သေဆုံးသူ အနည်းဆုံး ၅၅ဦး အထိ ရှိသွားပြီဖြစ်ကြောင်း၊ လူပေါင်းတစ်သန်းကျော် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

သတိပေး

မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် တရုတ်နိုင်ငံတောင်ပိုင်း ပြည်နယ်ကိုးခုတွင် ရေဘေးကြုံလျက်ရှိကြောင်း၊ လာမည့်ရက်များအတွင်း မိုးဆက်လက် ရွာသွန်းနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးပြောကြားသည်။ **(အောက်ပုံ)**

ရေဘေးကြုံတွေ့နေရသည့် ပြည်နယ်များအနက် စီချွမ်ပြည်နယ်သည် အဆိုးရွားဆုံး ဖြစ်ကြောင်း၊ ယင်းပြည်နယ်သည် ပြီးခဲ့သည့်လက ငလျင်အကြီးအကျယ်လှုပ်ခဲ့သည့် ပြည်နယ်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ ရေကြီးမှုကြောင့် ဂွမ်ဒေါင်းပြည်နယ်နှင့် ကျန်စီပြည်နယ်တို့၌ နေအိမ် ၆၆၀၀ပျက်စီးပြီး လယ်ယာမြေများစွာ ရေနစ်မြုပ်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။**(အင်တာနက်)**

ဂျပန် ငလျင် သေဆုံးသူ ကိုးဦးအထိ ရှိလာ

တိုကျို ဇွန် ၁၅

ဂျပန်နိုင်ငံမြောက်ပိုင်း၌ ဇွန် ၁၄ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် ဇွန် ၁၅ရက်တွင် သုံးဦးထပ်မံသေဆုံးခဲ့သဖြင့် စုစုပေါင်း သေဆုံးသူ ကိုးဦးအထိရှိသွားပြီဖြစ်ကြောင်း အစိုးရ သတင်းရပ်ကွက်က အတည်ပြုပြောကြားသည်။

(အင်တာနက်)

မိုးသည်းထန်စွာ ရွာသွန်းမည့် အချိန်နှင့်နေရာ သိပ္ပံပညာရှင်များ ပိုမိုတိကျစွာ ခန့်မှန်းလာနိုင်

လန်ဒန် ဇွန် ၁၅

မိုးလေဝသ ပညာရှင်များသည် မည်သည့်နေရာ၊ မည်သည့် အချိန်၌ မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း၊ ပို၍တိကျစွာ ခန့်မှန်းလာနိုင်ကြောင်း ဗြိတိသျှ မိုးလေဝသဌာနက ပြောကြားသည်။

ထိန်းချုပ်ရေး

မိုးသည်းထန်စွာ ရွာသွန်းမည်ကို ၂၄နာရီစော၍ ခန့်မှန်းနိုင်ပြီဖြစ်သဖြင့် ဒေသနေ ပြည်သူများ၊ အာဏာပိုင်အဖွဲ့အစည်းများက ရေကြီးမှုထိန်းချုပ်ရေး အစီအမံများအဖြစ် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ ပြီးခဲ့သော နွေရာသီက ဗြိတိန်နိုင်ငံ၌ မမျှော်လင့်ဘဲ ရေကြီးမှုဖြစ်ပေါ်ခဲ့သဖြင့် နေအိမ် ထောင်ပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့ရသည်ဟု ဆိုသည်။ **(အပေါ်ပုံ)**

အဆိုးရွားဆုံး

သိပ္ပံနှင့်နည်းပညာသည် မိုးလေဝသ ရာသီဥတုအခြေအနေကို လေ့လာရာတွင် ရာသီဥတု စိန်ခေါ်မှုများအတွက် အဓိက အရေးကြီးသည့်ကဏ္ဍမှ ပါဝင်လာကြောင်း မိုးလေဝသပညာရှင်များက ပြောကြားသည်။ ၂၀၀၇ခုနှစ်အတွင်း အင်္ဂလန်နှင့် ဝေလတို့တွင် အဆိုးရွားဆုံး ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ - မြင့်မောင်စိုး

မြန်မာ့အလင်း မိုးလေဝသသတင်း မိုးလေဝသသတင်း မိုးလေဝသသတင်း

သန်းဇော် ကိုးကားတင်ပြသည်

မြစ်ဝကျွန်းပေါ်၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် မုတ်သုံလေအားကောင်း၍ နေရာအနှံ့အပြားမိုးရွာသွန်းပြီး နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇွန် ၁၅

ဇွန် ၁၅ရက် မွန်းလွဲ ၂နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်တွင် ယင်းနှင့်ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော်၌ အနောက်တောင်မုတ်သုံလေသည် အားကောင်းနေသောကြောင့် မြစ်ဝကျွန်းပေါ်၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင်၅၀ အထိ တိုက်ခတ်နိုင်သည်။

မုတ်သုံလေ အားကောင်းမှုကြောင့် မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် နေရာအနှံ့အပြား မိုးရွာသွန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မန္တလေးတိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာသွန်းပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဇွန် ၁၆ရက် **(ယနေ့)**တွင် ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးရွာသွန်းနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တို့တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာပြီး ခေတ္တမျှ သည်းထန်နိုင်ပြီး ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ-

ဝမြို့တွင်	- ၄ ဒသမ ၄ လက်မ	သထုံမြို့တွင်	- ၂ ဒသမ ၀၅ လက်မ
ရေးမြို့တွင်	- ၃ ဒသမ ၆၆ လက်မ	မိုးကုတ်မြို့တွင်	- ၁ ဒသမ ၉၆ လက်မ
ဘားအံမြို့တွင်	- ၂ ဒသမ ၆၈ လက်မ	ဖျာပုံမြို့တွင်	- ၁ ဒသမ ၇၇ လက်မ
ကသာမြို့တွင်	- ၂ ဒသမ ၀၈ လက်မ	ပုသိမ်မြို့တွင်	- ၁ ဒသမ ၇၇ လက်မတို့ ဖြစ်ကြသည်။

နောက်နှစ်ရက်တွင် မုတ်သုံလေအား ဆက်လက်ကောင်းနေမည်ဖြစ်ကြောင်း မိုးလေဝသအခြေအနေများ ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်



ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်၌ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးမည်

မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်

16-6 (06).pmd 1 6/16/2008, 1:32 AM

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အလုံနှင့်ကြည့်မြင်တိုင်မြို့နယ်၌ လုပ်ငန်းများဆောင်ရွက်

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် ယမန်နေ့နံနက် ၆ နာရီခွဲက ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်း အတွင်းနှင့် မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက် ဝမ်းလျှော ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားနိုင်မှု အခြေအနေများ၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကား ပြောကြား၍ အလုံမြို့နယ် သစ်တောရပ်ကွက်နှင့် လွတ်လပ်ရေးရပ်ကွက်တို့အတွင်းရှိ ဆင်မင်းလမ်းတစ်လျှောက်၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေး ပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် ခြောက်လုံး အသုံးပြု၍ **Block Spray** စနစ်ဖြင့် နေရာလပ်မရှိ ကွက်ပြည့် ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန် ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် အလုံမြို့နယ် Asia World ဆိပ်ကမ်းရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ Asia World Company က အလုံမြို့နယ်နှင့် ကြည့်မြင်တိုင် မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများအတွက် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင်၄၂၀ နှင့် စာရေးကိရိယာများ၊ လွယ်အိတ် အလုံး ၈၄၀၊ မိုးကာ ၈၄၀ တို့ကို တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ Asia World Company မှ ဒါရိုက်တာ ဦးမောင်ကျေးနှင့် ဦးသန်းမြင့်တို့က ကျောင်းအုပ်ဆရာကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

မှာကြားဖြည့်ဆည်းပေး

ဆက်လက်၍ Asia World Company မှ ဒါရိုက်တာ ဦးမောင်ကျေးက ဆိပ်ကမ်းအတွင်း ကုန်သေတ္တာစခန်းများ ဆောက်လုပ်ပြီးစီးမှုနှင့် ကုန်သေတ္တာအတင်အချလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများ၊ ဆိပ်ခံတံတားများ ဆောက်လုပ်မှု အခြေအနေနှင့် ဆင်မင်းလမ်း တိုးချဲ့ဖောက်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးသည် အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့ကို ပိုင်းခြားထားသော မြောင်းကြီးမြောင်း ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် ကြည့်မြင်တိုင် မြို့နယ် သီရိမင်္ဂလာဈေးရှေ့ လမ်းဘေး ဝဲ/ယာသန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၈

(တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	မိုးကုတ်မူကမ္မဋ္ဌာန်းပေးရပုံ တရားတော် [ဆရာတော် အရှင်ဉာဏောဘာသ]
၈:၀၀-၂:၀၀	ခုံထည်လုပအစဉ် ကြေးဖောင်ကြွအသွင်
၈:၃၀-၂:၃၀	ဓမ္မဒူတသိမ်တော်ကြီး သိမ်သမုတ်သိမ်ရေစက်ချနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာ အခမ်းအနား
၈:၄၅-၂:၄၅	Activities In The City
၉:၀၀-၃:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀-၃:၁၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာဒေါက်တာချစ်နှင့် တွေ့ဆုံခြင်း)
၉:၃၅-၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀	လုံ လုံ လုံ (ရုပ်ရှင်သရုပ်ဆောင်များ)
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	Hotel Guide(The Grand Mee Yahta)
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၁၀:၃၅-၄:၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ [ဒေါက်တာအောင်မြတ်သွင် (မေ့ဆေးပါမောက္ခ)နှင့် တွေ့ဆုံခြင်း] (ပထမပိုင်း)
၁၁:၀၅-၅:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅-၅:၁၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅	The Smiling of Angkor
၁၂:၂၀-၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅-၆:၂၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ(ခရမ်းသီးနှပ်)
၁၂:၄၀-၆:၄၀	ဆေးမင်ကြောင်နှင့်လေဆာ (ဒေါက်တာစိုးဝင်းဦး)
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် သုခဝတီလမ်း အမှတ် ၂၂ နေ ဒေါ်ခင်ထားလတ် ၏ (၇၇)နှစ်မြောက် မွေး နေ့ အလှူ အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၂ စ ကား ဝါ လမ်း မင်းကွန်း တိပိဋကဆရာတော် ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတု ကျောင်း တော်ကြီး အတွက် အလှူငွေ ကျပ်

ငါးသိန်းကို ပိဋကတစ်ပုံအောင်ဆရာတော် ဘဒ္ဒန္တဇေယဒိသထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လပွတ္တာမြို့နယ်အတွင်း လမ်းပိုင်းများပြုပြင်ဖောက်လုပ်

ရန်ကုန် ဇွန် ၁၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းဖောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၅)က အရှည် ၃၅မိုင် နှစ်ဖာလုံရှိ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ ကားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ဇွန် ၁၁ ရက် နံနက်ပိုင်းမှ စတင်ပြီး ဆောင်ရွက်နေပြီဖြစ်သည်။

ဆောင်ရွက်

လေဘေးကြောင့် ပျက်စီးသွားသော အရှည် ၁၈ မိုင် ခြောက်ဖာလုံရှိ လပွတ္တာ-သဃ်န်းကြီး လမ်းပိုင်း၌ မြေကြီးတာပေါင် မြှင့်ခြင်း၊ ယခင်အကျယ်ပေ ၂၀ မှ ၄၂ ပေသို့ လမ်းတိုးချဲ့ခြင်း လုပ်ငန်းများကို စက်ယန္တရားများဖြင့် မြန်ဆန်စွာ ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မွန်ပြည်နယ် ၂၀၀၈ခုနှစ် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား သင်တန်းသူများအား တိုင်းမှူး၏ ဩဝါဒခံယူပွဲ၊ ချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဇွန်၄ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းက ပေးအပ်ရာ သင်တန်းသားတစ်ဦး လက်ခံယူစဉ်။ (၀၁၄)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများရှိ တောင်သူလယ်သမားများအား မျိုးစပါး၊ လက်တွန်းလယ်ထွန်စက်နှင့် တိရစ္ဆာန်အစားအစာများဖြန့်ဝေ

ရန်ကုန် ဇွန် ၁၅

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးဒဏ်ခံရသည့်ကျေးရွာများရှိ တောင်သူလယ်သမားများအား မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီက လယ်ယာလုပ်ငန်းများတွင် အသုံးပြုရန် ပြန်လည်ထူထောင်ရေးပစ္စည်းများဖြစ်သည့် မျိုးစပါး၊ လက်တွန်းလယ်ထွန်စက်နှင့် ကွဲ၊ နွား အစားအစာများကို ယမန်နေ့က ဝင်းစိန်နှင့် စိန်ဝင်းကြည် သင်္ဘောများဖြင့် လိုက်လံဖြန့်ဝေပေးသည်။

ထိုသို့ဖြန့်ဝေပေးသည့် ကျေးရွာများမှာ မြို့နယ်အတွင်းရှိ လေဘေးဒဏ် ဆိုးရွားစွာခံရသည့် ကျေးရွာအုပ်စု (၁၆) အုပ်စုတို့ဖြစ်ပြီး မျိုးစပါးတင်း ၃၀၀၀၀၊ လက်တွန်းလယ်ထွန်စက် ၂၂စီးနှင့် ကွဲ၊ နွား အစားအစာများ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်ဖြန့်ဝေပေးမည်

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား ယမန်နေ့ကအထိ ဖြန့်ဝေပြီး မျိုးစပါးတင်း ပေါင်းမှာ ၄၀၀၀၀ ကျော်သွားပြီးဖြစ်ရာ တောင်သူလယ်သမားများ၏ လိုအပ်ချက်နှင့်အညီ မျိုးစပါးများကို လုံလုံလောက်လောက်ရရှိအောင် ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁)(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ မုဒုံမြို့နယ်သို့ ကွင်းဆင်းလေ့လာ

ရန်ကုန် ဇွန် ၁၅

ဆေးတက္ကသိုလ်(၁) (ရန်ကုန်) နောက်ဆုံးနှစ် အပိုင်း(က)မှ ကျောင်းသား ကျောင်းသူ ၁၄ဦးတို့သည်**(ဝဲပုံ)** ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ ဘာသာရပ်၏ သင်ရိုးညွှန်းတမ်းအရ မွန်ပြည်နယ် မုဒုံမြို့နယ်သို့ ဇွန် ၇ ရက်မှ ၂၂ရက်အထိ ကွင်းဆင်း၍ မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး ပညာပေးခြင်း လုပ်ငန်းများကို လက်တွေ့ပါဝင်ဆောင်ရွက်လျက်ရှိကြပြီး ပြည်သူ့ ကျန်းမာရေးနှင့် စပ်လျဉ်းသော လေ့လာချက်စာတမ်း (လေထုညစ်ညမ်းမှုနှင့် ဆေးလိပ်သောက်သုံးမှု အန္တရာယ်)ကိုလည်း မြို့မနှင့် ကျေးလက်နေအိမ်များတွင် စစ်တမ်းကောက်ယူ၍ စာတမ်းပြုစုကြမည်ဖြစ်သည်။ (သတင်းစဉ်)

ပန်းတိုင်ဆီ ချီရာလမ်းကဖြင့်

လူသစ် (ပိတောက်မြေ)

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တရားဝင်နိုင်ငံရေးပါတီပေါင်း ၁၀ပါတီ ရှိပါတယ်။ အဲဒီ ၁၀ပါတီအနက် အများစုဟာ တည်ဆဲ စည်းမျဉ်းဥပဒေနှင့် အညီ စည်းကမ်းတကျနေထိုင်ပြီး သက်ဆိုင်ရာ ပါတီနိုင်ငံရေးကိုပဲ ဇောက်ချလုပ်နေကြပေမယ့် အများသိပြီးဖြစ်တဲ့အတိုင်း NLD ပါတီကတော့ နိုင်ငံတော်နှင့် ပြည်သူအပေါ် ကဖျက်ယဖျက်လုပ်ရပ်တွေကိုပဲ အစဉ်တစိုက် လုပ်လာခဲ့တာကို ကျွန်တော် သတိပြုမိပါတယ်။ "အလုံးစုံပျက်သုဉ်းရေး" တို့၊ "ထိပ်တိုက်ရင်ဆိုင်ရေး"တို့၊ "အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ"တို့ဆိုတဲ့ ဆန့်ကျင်ဖီဆန်ရေး ဝါဒစွဲတွေအောက်မှာ တည်ဆဲအစိုးရ လုပ်သမျှ ဆန့်ကျင်ကန့်ကွက် ရှုတ်ချရမယ်လို့များ မူချထားသလားတောင် မပြောတတ်ပါဘူး။ တစ်ဖက်က ဘယ်လောက်ပဲ ကောင်းအောင်လုပ်လုပ် အခြားတစ်ဖက်က အကောင်းမမြင်နိုင်ဘဲ ဆန့်ကျင်ပြစ်တင် အပုပ်ချနေမယ်ဆိုရင်တော့ ကျွန်တော်တို့ ပြည်သူတွေမျှော်လင့်တဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုတာ ဝေးသည်ထက် ဝေးနေဦးမှာပါပဲ။

ဒီလိုပြောလို့ ကျွန်တော်ဟာ အစိုးရဘက်တော်သားလားလို့ မေးစရာ ရှိပါတယ်။ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဘယ်သူ့ဘက်တော်သားမှ မဟုတ်ပါဘူး။ အစိုးရပဲဖြစ်ဖြစ်၊ NLD ပဲဖြစ်ဖြစ်၊ တစ်ညပဲဖြစ်ဖြစ် ကောင်းတာလုပ်ရင် ကောင်းတာဖြစ်ပြီး ကောင်းတာပဲ ပြောမှာဖြစ်ပါတယ်။ မကောင်းတာလုပ်ရင်တော့လည်း တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ မကောင်းကြောင်း အားနာနာနဲ့ပဲ ပြောရမှာပါ။ သာမန်ပြည်သူတစ်ယောက်အနေနဲ့ သူသိတာ၊ မြင်တာ၊ ပြောချင်တာလေးတွေကို အပြုသဘောဆောင်တဲ့ ရှုထောင့်က ပြောခွင့်ရှိတယ်လို့ ယုံကြည်မိပါတယ်။

လက်ရှိ နိုင်ငံရေးပါတီ ၁၀ပါတီအနက် NLD ဟာ ကြေညာချက်အမျိုးမျိုးကို ပလူပျံအောင်ထုတ်လည်း ထုတ်နိုင်လွန်းတဲ့ တစ်ခုတည်းသော ပြိုင်စံရှားပါတီပါပဲ။ ထုတ်သမျှ ကြေညာချက်တိုင်းကလည်း တည်ဆဲအစိုးရ အပေါ်၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ တည်ငြိမ်အေးချမ်း တိုးတက်မှုတွေအပေါ် ဆန့်ကျင်တဲ့၊ အပုပ်ချတဲ့ အဆိုးမြင် ကြေညာချက်တွေချည်း ဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူရဲ့ ရှေ့ကိုချီတက်မယ့် ခြေလှမ်းသစ်တွေကို နောက်ပြန်ဆွဲချဖို့ ကြိုးပမ်းတဲ့ ကဖျက်ယဖျက် ကြေညာချက်တွေချည်းပဲ ဖြစ်ပါတယ်။ ကျွန်တော်ပြောတာမှားနေရင်လည်း ထောက်ပြနိုင်ပါတယ်။ ကျွန်တော်သတိပြုမိသလောက်တော့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေ မရှိခဲ့သလောက်ပါပဲ။

အခုလည်း ၂၀၀၈ခုနှစ် ဇွန်လ ၁၀ရက် နေ့စွဲနဲ့ NLD ရဲ့ အထူးကြေညာချက်ဆိုတာ ထွက်လာပြန်ပါတယ်။ အဲဒီ ကြေညာချက်ရဲ့ အနှစ်ချုပ်ကတော့ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)ကို ဆန့်ကျင်ကန့်ကွက်တာပါပဲ။ အစိုးရက စိတ်ကြိုက်ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ တစ်ဖက်သတ်ရေးဆွဲထားတယ်။ သူတို့ (NLD) ကိုလည်း ပြန်လည်သုံးသပ် စဉ်းစားဆွေးနွေးဖို့ အခွင့်အရေးမပေးခဲ့ဘူး။ အာဏာပိုင်တွေကလည်း ဆန္ဒခံယူပွဲ ဥပဒေချိုးဖောက်ပြီး ထောက်ခံမဲတွေ အတင်းထည့်ခိုင်းတယ်။ လွတ်လပ်ပြီး တရားမျှတမှုမရှိတဲ့အတွက် ပြည်သူရဲ့ စစ်မှန်တဲ့ အဆုံးအဖြတ်ကို မဖော်ထုတ်နိုင်ခဲ့ဘူး။ ဒါကြောင့် ဒီအခြေခံဥပဒေဟာ တရားမဝင်ပါဘူးဆိုပြီး ကယောင်ချောက်ချားနဲ့ ထင်ရာမြင်ရာ လျှောက်ပြီး ရေးထားတဲ့ ကြေညာချက်မျိုးပါပဲ။

ရေနစ်သူဟာ ကောက်ရိုးတစ်မျှင်ကိုတောင်မှ အားကိုးတကြီး ဆွဲယူတတ်ပါသတဲ့။ အခု NLD ကိုကြည့်ရတာ ကျွန်တော့်စိတ်ထဲမှာတော့ ရေနစ်သူတစ်ယောက်လိုပဲ မြင်နေမိပါတယ်။ သူလည်း အားကိုးတကြီး ကြောက်လန့်တကြားနဲ့ ရမိရရာအချက်အလက်တွေကို အတင်းဆွဲယူပြီး အားကိုးရှာတာပါပဲ။ ဒါပေမယ့် သူတို့ အတင်းဆွဲယူထားတဲ့ အချက်အလက်တွေက ကောက်ရိုးတစ်မျှင်လောက်တောင် အားကိုးလောက်စရာ မရှိပါဘူး။ ဘာမှ မခိုင်လုံဘူး။ ဘာတစ်ခုမှ မှန်တာမပါဘူး။ ဆီသည်မ လက်သုတ်ပဝါလို ဖန်တစ်ရာတေနေတဲ့ လိမ့်လုံး ညာလုံးတွေချည်းပါပဲ။ ဆန္ဒခံယူပွဲ မတိုင်ခင်ကလည်း ဒါတွေပဲ၊ ဆန္ဒခံယူပွဲပြီးလို့ အခြေခံဥပဒေကို အများထောက်ခံဆန္ဒမဲတွေနဲ့ အတည်ပြုလိုက်ပြန်တော့လည်း ဒါတွေထဲက ရုန်းမထွက်နိုင်သေးတာ တွေ့နေရပါတယ်။ တစ်ခုခုတော့ လွဲနေပြီထင်ပါတယ်။

ဒီကြားထဲ NLD ဟာ ၁၉၉၀ ရွေးကောက်ပွဲလောင်းရိပ်အောက်မှာပဲ ကပ်ရပ်မှီခိုရင်း အခုထက်ထိ ဒါကြီးကိုပဲ တခုတ်တရ ဖက်တွယ်နေတာတွေ့ရတော့ ရွဲကုန်သည်ပြဇာတ်ထဲက "ပေး...ပေး... မပေးပေး၊ ငါ့ရွှေခွက်ပေး"ဆိုတဲ့ ဇာတ်သိမ်းပိုင်းလေးကို သတိရမိပြန်ပါတယ်။ ကျွန်တော်ကတော့ NLD ကို ဒီလို အခြေအနေမျိုးနဲ့ မတွေ့ချင်ရှိ အမှန်ပါပဲ။ မြစ်ဟိုဘက်ကမ်းကို ကူးရောက်နေပြီဖြစ်တဲ့ ရွှေခွက်ကြီးအတွက် ဒီဘက်ကမ်းက တစာစာအော်ဟစ်ငိုကြွေး တောင်းခံနေတဲ့ ရွဲကုန်သည်လို မဖြစ်စေချင်တာ ကျွန်တော့်ဆန္ဒပါ။

ကျွန်တော်တို့ **နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ဆန္ဒမဲပေးသူအားလုံးရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမဲနဲ့ အတည်ပြုပြဋ္ဌာန်းပေးခဲ့တာပါ။ ပြောရရင် ၁၀ယောက်မှာ ကိုးယောက်ကျော်က ထောက်ခံအတည်ပြုခဲ့တာပါ။ ဒါကြောင့် အခြေခံဥပဒေမူကြမ်းဟာ ပြည်သူလူထုရဲ့ Mandate နဲ့ အတည်ဖြစ်သွားပြီ၊ ပြည်သူရဲ့ Mandate ကို ပိုင်ဆိုင်သွားပြီလို့ ဆိုနိုင်ပါတယ်။ ဒီလောက်တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရာနှုန်းပြည့်နီးပါး တစ်ခဲနက်ထောက်ခံအတည်ပြုပေးလိုက်တာဟာ ဘာကြောင့်ပါလဲဆိုတာ ဆန်းစစ်ပြချင်ပါတယ်။**

ပထမဆုံးအချက်အနေနဲ့ တည်ဆဲအစိုးရ၊ တစ်နည်းအားဖြင့် တပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်တဲ့အချိန်ကစပြီး နိုင်ငံနဲ့အဝန်း တောင်တန်း၊ နယ်စပ်ဒေသတွေပါမကျန် အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးစည်ပင်လာအောင် စွမ်းဆောင် မြှင့်တင်ပေးနိုင်ခဲ့တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်တဲ့အချက်ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး စသည်ဖြင့် အဘက်ဘက်က တိုးတက်မှုတွေဟာ လက်ညှိုးထိုးမလွဲ အထင်အရှားဖြစ်ပါတယ်။ ဒီလို နိုင်ငံနဲ့ပြည်သူရဲ့ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်ပေးနေတာကို ဒီနေ့ပြည်သူက သိတယ်၊ လက်ခံတယ်၊ ယုံကြည်အားကိုးတယ်။ ဒီတော့ တည်ဆဲအစိုးရရဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တွေကို ပြည်သူက အပြည့်အဝထောက်ခံ အားပေးတယ်၊ ဒါကြောင့်လည်း ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူက တစ်ခဲနက် ထောက်ခံအတည်ပြုပေးလိုက်ခြင်းဟာ အစိုးရရဲ့ နိုင်ငံနဲ့ ပြည်သူအပေါ်ထားတဲ့ မေတ္တာ၊ စေတနာကို ရောင်ပြန်ထင်ဟပ်ပြလိုက်ခြင်းသာဖြစ်တယ်လို့ ဆိုနိုင်တယ်။

နောက်တစ်ချက်က အမျိုးသားရေး အင်အားစုတွေဖြစ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနဲ့ အခြား NGO အဖွဲ့အစည်းအားလုံးက တည်ဆဲအစိုးရရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အညီ ကျေးလက်ဒေသအသီးသီးမှာ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ဆိုတာကို လက်တွေ့ အကောင်အထည်ဖော်ပေးနေတယ်။ ဒီလို ကျေးလက်ပြည်သူအကျိုး ဆောင်ရွက်ပေးနေတာကို ကျေးလက်ပြည်သူက သိတယ်၊ ချစ်ခင်တယ်၊ ယုံကြည်အားကိုးတယ်။ အဲဒီ အမျိုးသားရေးအင်အားစုတွေနဲ့ ကျေးလက်ပြည်သူက ကျေးလက်ဒေသအကျိုးကိုအတူတွဲလုပ်ရင်း သဟဇာတဖြစ်ပြီး တစ်သားတည်းဖြစ်နေကြပြီ။ ဒီတော့ အမျိုးသားရေးအင်အားစုတွေက ပြောတာ၊ ဆိုတာ၊ ဆွေးနွေး စည်းရုံးတာကို ကျေးလက်ပြည်သူက လုံးဝလက်ခံတယ်။ တည်ဆဲအစိုးရရဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်တွေကို သိနားလည် ယုံကြည်ထားပြီး ဖြစ်တဲ့အပြင် အဲဒီ အမျိုးသားရေး အင်အားစုတွေရဲ့ စည်းရုံးမှုအားကပါ ထပ်ပေါင်းလိုက်တော့ ကျေးလက်ပြည်သူတွေက ဒီအခြေခံဥပဒေကြီးကို ရာနှုန်းပြည့်ကို ထောက်ခံကြတော့တာပေါ့။ စေတနာမှန်လို့ အောင်မြင်တယ်ဆိုရမှာပါပဲ။

ဒီတော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ တောရော၊ မြို့ရော၊ တောင်တန်း၊ နယ်စပ်ပါမကျန် အားလုံးထောက်ခံကြတာ ဆန်းသလား။ အခုလို ရာနှုန်းပြည့်နီးပါး ထောက်ခံကြတယ်ဆိုတော့မှ NLD က မျက်ကလဲဆန်ပြာဖြစ်ပြီး မတရားဘူး၊ လူထုအပေါ် အကျပ်ကိုင်တယ်၊ ခြိမ်းခြောက်တယ်၊ လိမ်လည် လှည့်ဖြားတယ်၊ မလျော်ဩဇာသုံးတယ်လို့ စွပ်စွပ်စွဲစွဲပြောလာတာဟာ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာဖို့ ကြိုးစားလိုက်တာ မဟုတ်ဘူးလား။ **တကယ်တော့ ကျွန်တော်တို့ ပြည်သူအားလုံးဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ကိုယ်တိုင် ထောက်ခံမဲပေးလာကြတဲ့သူတွေချည်းပါပဲ။ ကိုယ်တိုင်လည်း စိတ်အေးချမ်းသာစွာ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရခဲ့သလို ဘယ်နေရာ၊ ဘယ်ဒေသမှာမှလည်း NLD ပြောသလို မတရားသဖြင့် အနိုင်ကျင့်ခံရတယ်လို့ မကြားမိပါဘူး။ အစိုးရအနေနဲ့ NLD ပြောသလို မသမာမှုတွေ လုပ်ခဲ့မယ်ဆိုရင်တောင် အခုလို ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဆိုတဲ့ ရာနှုန်းပြည့်နီးပါး ထောက်ခံမဲကို ဘယ်လိုမှ ရနိုင်စရာမရှိပါဘူး။ ပြည်သူကသာ တကယ်မပါရင် ဘယ်လောက်ပဲ မဟုတ်တဲ့နည်းတွေ သုံးသုံး၊ ဘယ်လောက်ပဲ လှည့်စားဖြားယောင်းစေကာမူ ဒီပမာဏ ထောက်ခံမဲ ရနိုင်စရာအကြောင်း မရှိဘူးဆိုတာတော့ NLD နားလည်စေချင်ပါတယ်။**

တကယ်တော့ NLD ရဲ့ အခုကြေညာချက်ဟာ အစိုးရကို ဆန့်ကျင်ကန့်ကွက်လိုက်တာဖြစ်ပေမယ့် တစ်ဖက်ကကြည့်ရင် ယနေ့ပြည်သူကို အထင်သေးရာ၊ နှိမ့်ချစော်ကားရာရောက်တယ်လို့ ဆိုနိုင်ပါတယ်။ ယနေ့ပြည်သူဟာ အစိုးရကို ကြောက်လို့၊ ဘာမှ မသိနားမလည်ဘဲ အစိုးရ သွေးဆောင်ဖြားယောင်းတာကို နားယောင်မိလို့ ထောက်ခံမဲထည့်ခဲ့တာလို့ ဆိုလိုရာရောက်ပါတယ်။ ဒါဟာ ကျွန်တော်အပါအဝင် ယနေ့ပြည်သူအားလုံးကို နှိမ့်ချစော်ကားလိုက်တာပါပဲ။ **ယနေ့ပြည်သူဟာ ၁၉၈၈ခုနှစ်က ပြည်သူ မဟုတ်တော့ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအမြင် အသိဗဟုသုတမြင့်မားပြီး အကြောင်းအကျိုး၊ အကောင်းအဆိုးကို ကောင်းကောင်းခွဲခြား နားလည်နိုင်တဲ့၊ အတွေးအခေါ် မြင့်မားရင့်ကျက်တဲ့ အရည်အသွေးမြင့် ပြည်သူတွေဖြစ်နေကြပါပြီ။ အရင်တုန်းကလို နိုင်ငံရေးသမားတွေ ပြောသမျှ၊ ဟောသမျှ မစားရဝခမန်း လိမ့်လုံး ညာလုံးတွေကို ရောယောင်လက်ခုပ်တီးရင်း ပုဂ္ဂိုလ်ရေးပေါ်လွင်ထင်ရှားမှုကို ဘုမသိဘမသိ ခေါင်းညိတ် ထောက်ခံခဲ့တဲ့သူတွေ မဟုတ်တော့ပါဘူး။** ယနေ့ပြည်သူက NLD ပါးစပ်ဟတာနဲ့ အူဘယ်နှခွေရှိတယ်ဆိုတာ အစင်းလိုက်မြင်ပြီး ဖြစ်သလို တည်ဆဲအစိုးရ မှန်သလား၊ မှားသလားဆိုတာလည်း ကောင်းကောင်း ခွဲခြားသိမြင်နေကြပါပြီ။ ဒါကြောင့် အစိုးရကသာ အမှားလုပ်ခဲ့မယ်ဆိုရင် ယနေ့ပြည်သူက ဘယ်လိုမှပါမှာ မဟုတ်ပါဘူး။ အစိုးရရဲ့ လမ်းကြောင်းမှန်၊ လုပ်ရပ်မှန်လို့သာ ယနေ့ပြည်သူက အခုလို အမှန်တရားဘက်က အပြည့်အဝ ရပ်တည်ခဲ့တာ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

> ကျွန်တော်တို့ ပြည်သူအားလုံးက ဒီမိုကရေစီကို လိုလားတောင့်တ နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲနဲ့ ဒီမိုကရေစီကို ဖော်ဆောင်လို့ မရနိုင်ပါဘူး။ ဒီတော့ အခုလို အခြေခံဥပဒေကို ပြည်သူက တစ်ခဲနက် ထောက်ခံအတည်ပြုပေးလိုက်တာဟာ ဒီမိုကရေစီစနစ်ကို မြန်မြန်အကောင်အထည်ဖော်ပေးနိုင်ဖို့ လမ်းဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ပြည်သူတွေရဲ့ ဆန္ဒအမှန်ပါ။

ဒီမိုကရေစီကို ဖော်ဆောင်ရာမှာ အရှိတရားက စကြရမှာဖြစ်ပါတယ်။ အရှိတရားထက် ကျော်လွန်ပြီး ဗွတ်အတင်း အကောင်အထည်ဖော်ရင် အကျိုးထက်အပြစ်က ပိုပြီးများဖို့ပဲ ရှိပါလိမ့်မယ်။ တဖြည်းဖြည်း ရင့်ကျက် ပြောင်းလဲတိုးတက်လာရမယ့် ဒီမိုကရေစီ ဖြစ်စဉ်ကို အတင်းအဓမ္မ ဗွတ်လုပ်ချင်နေလို့ ဒါမှမဟုတ် စိတ်ကူးယဉ်သက်သက် ဖော်ဆောင်ချင်နေလို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အလားတူ အခုရေတွင်းတူး၊ အခု ရေကြည်သောက်ချင်လို့ မရနိုင်တဲ့ သဘာဝကိုလည်း မေ့မထားစေချင်ပါဘူး။

ဒါ့အပြင် ကျွန်တော်တို့ ပြည်သူအားလုံးက ဒီမိုကရေစီကို လိုလားတောင့်တနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲနဲ့ ဒီမိုကရေစီကို ဖော်ဆောင်လို့မရနိုင်ပါဘူး။ ဒီတော့ အခုလို အခြေခံဥပဒေကို ပြည်သူက တစ်ခဲနက် ထောက်ခံအတည်ပြုပေးလိုက်တာဟာ ဒီမိုကရေစီစနစ်ကို မြန်မြန်အကောင်အထည်ဖော်ပေးနိုင်ဖို့ လမ်းဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ပြည်သူတွေရဲ့ ဆန္ဒအမှန်ပါ။ NLD အနေနဲ့ အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားမဝင်ဘူးလို့ ပြောလိုက်တာဟာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီလမ်းကြောင်းကို ရှေ့မဆက်နိုင်အောင် ဟန့်တားဖို့ ကြိုးပမ်းတာဖြစ်လို့ တစ်နည်းအားဖြင့် ပြည်သူ့ဆန္ဒကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လိုက်တာပဲ ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒကို ကိုယ်စား မပြုနိုင်ရင်တော့ တစ်ချိန်ချိန်မှာ ပြည်သူနဲ့ လမ်းခွဲရပါလိမ့်မယ်။ ပါးစပ်က ဒီမိုကရေစီရေးတွင်တွင်အော်နေပေမယ့် အခုလို ဒီမိုကရေစီဖော်ဆောင်မယ့်လမ်းကြောင်းကို အတိအလင်း ဆန့်ကျင်နေတာကတော့ ဘယ်လိုမှ မအပ်စပ်လှပါဘူး။

အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက်မှာ ဥပဒေနှင့်အညီ ပါတီထောင်ခွင့်၊ စည်းရုံးခွင့်၊ မဲဆွယ်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်တွေ ရကြမှာဖြစ်ပါတယ်။ ဒီတော့ ၂၀၁၀ပြည့်နှစ်မှာ ကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ပြီး ပြည်သူရဲ့အဆုံးအဖြတ်ကို ရယူခြင်းသည်သာ ဒီမိုကရေစီကူးပြောင်းနိုင်ဖို့ အန္တရာယ်အကင်းဆုံးနဲ့ အကောင်းဆုံးလမ်းကြောင်းလို့ ယူဆပါတယ်။ ဒီလမ်းကြောင်းကိုမလိုက်ဘဲ အမျိုးမျိုးဆန့်ကျင် ကန့်လန့်တိုက်နေတာတွေဟာ နိုင်ငံအတွက်ရော၊ ပြည်သူအတွက်ပါ အန္တရာယ်ကျရောက်စေနိုင်တဲ့ လမ်းကြောင်းကို ဦးတည်နေတယ်လို့ မြင်မိပါတယ်။ ကိုယ့်ပါတီရဲ့ အတ္တအကျိုးစီးပွားကိုပဲ ရှေ့တန်းတင်ပြီး အခုလို လုပ်နေတာတွေဟာ နိုင်ငံနဲ့ပြည်သူကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်စေမှာဖြစ်တယ်လို့ ရိုးသားစွာ သတိပေးလိုက်ချင်ပါတယ်။

တကယ်တော့ နိုင်ငံတော်နဲ့ပြည်သူရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးပန်းတိုင်အတွက် အခြေခံဥပဒေ အတည်ပြုနိုင်ခြင်းက ရှေ့တစ်ဆင့် လမ်းဖွင့်ပေးနိုင်ခဲ့ပြန်ပါပြီ။ ဒီလိုအတည်ပြုပြီးဖြစ်တဲ့ အခြေခံဥပဒေနဲ့ အညီ သင့်လျော်တဲ့အချိန်ရောက်ရင် ရရှိလာမယ့် ပါတီတည်ထောင်ခွင့်၊ စည်းရုံးခွင့်၊ ရွေးကောက်ပွဲဝင်ခွင့်များကို ထိထိရောက်ရောက် အသုံးချနိုင်ဖို့ ကြိုးစားသင့်ကြပါပြီ။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲအတွက် အစိုးရကို ထောက်ခံသူများရော ဆန့်ကျင်သူများပါ သင့်လျော်တဲ့အချိန်မှာ ဆိုင်ရာဥပဒေများနဲ့အညီ ပါတီများ ထူထောင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်၊ ရွေးကောက်ပွဲဝင်ခွင့်တွေ ရရှိကြမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် လွှတ်တော်များမှာ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ရမှာဖြစ်သလို လွှတ်တော်အတွင်း နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များမှာလည်း ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခွင့်များ ရရှိလာကြမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကလည်း ဒီမိုကရေစီကိုဖော်ဆောင်ရာမှာ အရှိတရားက စကြရမှာဖြစ်ပါတယ်။ အရှိတရားထက်ကျော်လွန်ပြီး ဗွတ်အတင်း အကောင်အထည်ဖော်ရင် အကျိုးထက်အပြစ်က ပိုပြီးများဖို့ပဲ ရှိပါလိမ့်မယ်။ တဖြည်းဖြည်း ရင့်ကျက် ပြောင်းလဲတိုးတက်လာရမယ့် ဒီမိုကရေစီဖြစ်စဉ်ကို အတင်းအဓမ္မ ဗွတ်လုပ်ချင်နေလို့၊ ဒါမှမဟုတ် စိတ်ကူးယဉ်သက်သက် ဖော်ဆောင်ချင်နေလို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အလားတူ အခုရေတွင်းတူး၊ အခုရေကြည်သောက်ချင်လို့ မရနိုင်တဲ့ သဘာဝကိုလည်း မေ့မထားစေချင်ပါဘူး။

ဒီတော့ NLD အနေနဲ့ အတည်ပြုပြီးဖြစ်တဲ့ အခြေခံဥပဒေက ဖော်ဆောင်ပေးထားတဲ့အတိုင်း ၂၀၁၀ပြည့်နှစ်မှာ ရွေးကောက်ပွဲဝင်ပြီး ပါတီရပ်တည် ရှင်သန်နိုင်အောင် ကြိုးပမ်းကြမယ့်လမ်းကြောင်းကိုပဲ ရွေးချယ်သင့်လှပါတယ်။ အဲဒီ လမ်းကြောင်းကတော့ နိုင်ငံနဲ့ ပြည်သူအတွက်ရော၊ အားလုံးအတွက်ပါ အန္တရာယ်အကင်းဆုံးနဲ့ အသင့်မြတ်ဆုံးလမ်းကြောင်းလို့ မြင်မိပါတယ်။ သားရွှေအိုးထမ်းတဲ့ ကိန်းဆိုက်ဖို့က ဒီလမ်းကြောင်းသည်သာ အကောင်းဆုံးလို့ပဲ သုံးသပ်မိပါတယ်။

ချုပ်ပြီးဆိုပါရစေ။ NLD အနေနဲ့ အစိုးရလုပ်သမျှ ဆန့်ကျင်မယ်ဆိုတဲ့ မူဝါဒတွေလည်း ပြောင်းသင့်ပါပြီ။ အလားတူ ကဖျက်ယဖျက် ကြေညာချက်တွေအစား နိုင်ငံနဲ့လူမျိုးအကျိုးကို ရှေးရှုတဲ့ အပြုသဘော ကြေညာချက်တွေကိုပဲ မျှော်လင့်ပါရစေ။ ဒိတ်အောက်နေတဲ့ Mandate ကြီးကိုလည်း ဘေးဖယ်ပြီး ယနေ့ ပြည်သူရဲ့ Mandate နဲ့ အတည်ပြုပြီးသွားပြီဖြစ်တဲ့ အခြေခံဥပဒေနဲ့အညီ ၂၀၁၀ ရွေးကောက်ပွဲအတွက် အဘက်ဘက်က ပြင်ဆင်ကြိုးပမ်းသင့်ပါပြီ။ အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဒီမိုကရေစီပန်းတိုင်ဆီကို ချီတက်ရာမှာ NLD အနေနဲ့ နည်းမှန် လမ်းမှန်နဲ့ ပူးပေါင်းပါဝင် ချီတက်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ပန်းတိုင်ဆီ ချီရာလမ်းကဖြင့် တကယ်ကို ဖြောင့်ဖြူးချောမွေ့နေပါပြီ။ အလှမ်းလည်း တကယ် မဝေးလှတော့ပါဘူး။ အတူလိုက်ချင်ရင် အချိန်မီပါသေးတယ်။ ။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၅

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက ငွေကျပ် ၂၇၃၈၈၂၀၀ တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၀စီးနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းပြီး ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းသည့် ငွေကျပ် တစ်သိန်းအပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသော ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၇၄၈၄၈၀၀ ဖြစ်ရာ ဇွန် ၁၅ရက်အထိလှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၁၂၄၁၈၃၈၇၈၉၆ ကျပ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

အားမူ၊ စောသက်သက်နိုင်စသည့် အနုပညာရှင်၂၅ဦးတို့က သီချင်းများ သီဆိုခဲ့ကြပြီး မျက်လှည့်ပညာရှင် မစ္စတာတော့ပ်ကလည်း မျက်လှည့်ပြသခဲ့ကြောင်း၊ အနုပညာဖျော်ဖြေမှုအပြီးတွင် The Action Time Foundation နှင့် အနုပညာရှင်များက ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပညာသီရိထံမှ တရားနာယူကာ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ ကြာဆံ၊ ဒန်အိုး၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များကို လှူဒါန်းခဲ့ပြီး အဆိုတော်ကာကာက ရွာဦးကျောင်း သိမ်ဇရပ် ပြန်လည်ပြုပြင်ရန်အတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌ လေဘေးသင့်ပြည်သူများအား အနုပညာစွမ်းအားဖြင့် စိတ်ခွန်အား ဖြည့်တင်းပေးရန် ရည်ရွယ်၍ အနုပညာရှင်များ၊ တေးသံရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၅

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ လှူဒါန်းသော ပလတ်စတစ်စများ စုစုပေါင်း ၄၀ဒသမ၄ တန်သည် ဘိုးရင်း-၇၀၇ လေယာဉ်ဖြင့် ယနေ့နံနက် ၇နာရီခွဲတွင် လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ လှူဒါန်းသော ခြင်ထောင် ၇၂၈ထုပ်၊ ဘီစကွတ် ၁၆၆၇ ပါကင်၊ ကျောင်းသုံးပစ္စည်းခုနစ်သေတ္တာ၊အင်ဂျင်ဝိုင်များ စုစုပေါင်း ၆၃ဒသမ၇၄၅ တန်သည် IL-76 လေယာဉ်သုံးစင်းဖြင့် နံနက်၈နာရီ ၅၅မိနစ်၊ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်နှင့် မွန်းလွဲ ၂နာရီ ၄၅မိနစ်တို့တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော မိုးကာတဲကြီးရှစ်လုံး၊ ရေသန့်ဘူး ၄၆၄ ပါကင်၊ ပလတ်စတစ်ရေပုံး ၈၂၁၄ လုံး၊ ကြိုးခွေပါကင် ၆၀၀၊ ပလတ်စတစ်စ ၄၀၄၀ ထုပ်၊ မျက်နှာသုတ်ပဝါ ၅၀၀၀၊ သွားတိုက်တံနှင့် ဆပ်ပြာ ၂၁၅၀ စုစုပေါင်း ၂၅ဒသမ၈၉တန်သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက် ၉နာရီ ၁၅မိနစ်၊ နံနက် ၉နာရီခွဲ၊ နံနက် ၁၀နာရီ၊ နံနက် ၁၀နာရီ ၄၄ မိနစ်နှင့် ညနေ၃နာရီ မိနစ်၅၀တို့တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းမှ လှူဒါန်းသော တစ်ကိုယ်ရေ ကျန်းမာရေးသုံးပစ္စည်းပါကင်၂၀၀၀၀၊ပလတ်စတစ်ရေပုံးပါကင် ၁၀၀၀၀၊ တာပေါ်လင်စ ပါကင်၁၀၀၀၀ စုစုပေါင်း ၈၈ တန်သည် ဘိုးရင်း-၇၄၇ လေယာဉ်ဖြင့် မွန်းလွဲ ၁၂ နာရီ ၂၅မိနစ်တွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှလှူဒါန်းသော ပလတ်စတစ်ရေပုံး ၄၁၇ပါကင် စုစုပေါင်း ၈ဒသမ ၁၉၅တန်သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁၂ နာရီ ၅၅မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၃)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၃)တွင် **'နာဂစ်ဒဏ်ခံဘဝများ လှပနိုင်ပါစေ'** အထူးသတင်းဆောင်းပါးနှင့် အတူ ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဒီရေတောများ ပြန်လည်ထူထောင်ရန် ၁၅နှစ်ခန့် အချိန်ယူရမည်၊ နာဂစ်မုန်တိုင်းအကြောင်း မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ထည့်သွင်းဖော်ပြမည်၊ မုန်တိုင်းကြောင့် သေဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို အသက်အာမခံ လျော်ကြေးပေးရန် စီစဉ်နေ၊ မြစ်ဝကျွန်းပေါ်မှ ရန်ကုန်သို့ ဆန်တင်ပို့မှု ပြန်လည်မြင့်တက်လာ၊ မြန်မာနိုင်ငံတွင် အကြီးဆုံးလက်ရာဖြစ်လာမည့် ကြေးဆွမ်းအုပ်ကြီး တိုင်းရင်းသားကျေးရွာတွင် ထားရှိမည်၊ အညာဆည်ရေသောက်စပါးများ ထွက်ရှိတော့မည်ဖြစ်သဖြင့် ဆန်စျေးနှုန်းများကျဆင်းမည်၊ ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် သစ်ပင်ကြီးများ၏ မြစ်ဆုံများကို လေလံတင်ရောင်းချမည်၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ရာနှုန်းပြည့်ပြီးစီးအောင် ပြုပြင်ပေးခဲ့ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့် အတူ **ရက်စက်လေသည့် ပန်းသခင်၊ ထိခိုက်ဒဏ်ရာရပြီးနောက် ခံစားရသော စိတ်ဖိစီးမှုဝေဒနာ နောက်ဆက်တွဲ**…စသည့် မျက်မှောက်ရေးရာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဖြန့်ချိ

အိုဘားမားသာ သမ္မတဖြစ်လာခဲ့လျှင်…၊ 'စီးပွားရေးအကြောင်း ဂျာမန်တွေ ကောင်းကောင်းသိတယ်' အမေရိကန် ဘီလျံနာသူဌေးကြီး ဝါရင်ဘူဖက်နှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့် အတူ မက်ဒရစ်သို့ ပြောင်းရွှေ့ကစားချင်သည့် ပေါ်တူဂီသူရဲကောင်း၊ စွမ်းအင်ချွေတာဖို့ ရေမြန်မြန်ချိုးကြစို့၊ စျေးဝယ်ရာတွင် ပစ္စည်းအပေါ် မည်ကဲ့သို့ စိတ်ခံစားမှုရှိပုံကို စူးစမ်းလေ့လာ၊ ပြီးခဲ့သည့်နှစ်က ဂျပန်တွင်နေထိုင်သူ နိုင်ငံခြားသားများတွင် တရုတ်အများဆုံးဖြစ်၊ ခရီးသွားလုပ်ငန်းပြဋ္ဌာန်းရန် အတွက် အာဏာရှိအဖွဲ့ ဖွဲ့စည်းရန် အင်ဒိုနီးရှားစဉ်းစား၊ မလေးရှားသို့သွားမည့် ပြည်ပလုပ်သားများ ဗီဇာအတွက် လုပ်ငန်းဝင်သင်တန်းတက်ရောက်ရန်လို၊ အတိုက်အခံတို့အား အကွဲကွဲအပြားပြားဖြစ်စေလျက် ကမ္ဘောဒီးယားအား ရေရှည်ထိန်းချုပ် ဦးဆောင်နေမည့် ဟွန်ဆန်၊ ရာသီဥတုပြောင်းလဲမှုနဲ့ ရေန်စျေးမြင့်တက်မှုဝန်များလျော့ကျစေရန်နှင့် သန့်ရှင်းစွမ်းအင်အတွက် အာရှအနေဖြင့် ရင်းနှီးမြှုပ်နှံသွားရန်လိုအပ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် **e-Empire Media House** က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်သည် ဇွန် ၁၄ရက်က မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားဝင်း စည်ပင်သာယာ ကွပ်ကဲမှုရုံး၌ အဝေးပြေး ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၈၁ဦးတို့အား ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေး ဟောပြောပို့ချရာ(**ယာပုံ**)ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးညီညီ၊မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(အဝေးပြေး)မှ ဌာနခွဲမှူး ဦးစိုးသွင်၊ အဝေးပြေးယာဉ်ရပ်နားဝင်း စည်ပင်သာယာ ကွပ်ကဲမှုရုံးမှ ဌာနခွဲမှူးဒေါ်တင်တင်ဝင်း၊စည်ပင်သာယာ ရဲတပ်ဖွဲ့မှ ရဲအုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(က-ပ)

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၅

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှူးတို့သည် ဇွန် ၁၁ရက်က ဧရာဝတီတိုင်း ငပုတောမြို့နယ် အုတ်တွင်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် လေဘေးသင့်ပြည်သူများအား တိုင်းမှူးက ကျောင်းဝတ်စုံနှင့် ပစ္စည်းများပေးအပ်သည်။ တိုင်းမှူး၊ ဝန်ကြီးနှင့် ရေတပ်စခန်းဌာနချုပ်မှူးတို့သည် လေဘေးသင့် ပြန်လည်ထူထောင်ရေးအတွက် ကူညီရန် ရောက်ရှိနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)စေတနာရှင်လူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး အုတ်တွင်း ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာအတွင်း စက်မှုလယ်ယာမှ လက်တွန်း လယ်ထွန်စက်များ တပ်ဆင်နေမှုကို ကြည့်ရှုကြသည်။ ဆက်လက်ပြီး ဘုန်းတော်ပြည့်ကျေးရွာ ပျက်စီးမှုအခြေအနေကိုကြည့်ရှုပြီး ရွှေသံလွင် ကုမ္ပဏီမှ နမူနာတည်ဆောက်သော တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုကြသည်။ ထို့နောက် ကျေးရွာအတွင်း ဆရာတော်များက ပရိတ်ရွတ်ဖတ်မှုကို ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ကျေးရွာအတွက် ပေးပို့ရောက်ရှိလာသော ရေတိုင်ကီများထားရှိမှု၊ ယာယီတဲများတွင် ဈေးဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် ဆေးကုသနေမှုတို့ကို ကြည့်ရှု အားပေးကြသည်။ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကုန်းကျောလမ်းတစ်လျှောက် အကွက်ချ၍ ယာယီတဲများ ဆောက်လုပ်ထားရှိမှု၊ အလယ်တန်းကျောင်း တည်ဆောက်နေမှုတို့ကို စစ်ဆေးပြီး ကျောက်ကလပ်ကျေးရွာ ပြန်လည်တည်ဆောက်ထားမှုကိုကြည့်ရှုပြီး ကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ကလပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပြန်လည်ပြုပြင် တည်ဆောက်ထားသည့် ကျောင်းအတွင်းကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကျေးရွာအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စေတနာရှင်လူငယ်များ ရွာအတွင်း ရှင်းလင်းနေမှုနှင့် ဆေးကုသနေမှုများကို ကြည့်ရှုပြီး အုတ်တွင်းကျေးရွာနှင့် လူနေတဲများတည်ဆောက်မှုကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ သက်န်းများကို လက်ပံတန်းမလွန်ဆန်လှူ သင်းထောက်နှင့် ခမုံဆိပ်ဒေသ အလှူရှင်များကိုယ်စား အကျိုးတော်ဆောင် ဦးကိုဌေး(ခမုံဆိပ်)ကမလွန်ဈေးဆန်လှူအသင်း ရန်ကုန်ဌာနခွဲ ပြည်လမ်း စမ်းချောင်းမြို့နယ်ရှိ မလွန်ဆန်လှူ ဓမ္မကထိက ဆရာတော်အရှင်တေဇနိယ(သစ္စဝါဒီ-စစ်ကိုင်း)မှတစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စက်ယန္တရားများ လုပ်ငန်းခွင်အတွင်း ထိရောက်စွာအသုံးပြု မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းအား ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး မှာကြား

နေပြည်တော် ဇွန် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဇွန် ၁၂ရက်က ပုသိမ်-မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတား ကြံ့ခိုင်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာများအား တံတားကြံ့ခိုင်မှု အခြေအနေများကို အမြဲမပြတ်စစ်ဆေးပေးရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မိုးရာသီ ပြင်ဆင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေသည့် ပုသိမ်ခရိုင်မှလမ်း ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လမ်းအဆင့်မြှင့်တင်

ဆက်လက်၍ဝန်ကြီးသည် အဆိုပါလမ်းပေါ်ရှိ ညောင်ချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လမ်းအဆင့်မြှင့်တင် စီမံဆောင်ရွက်နိုင်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည် မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံချက်တွင် ပါဝင်သည့် မအူပင် - ရေလဲကလေး - ရွှေတောင်မော် - ကျိုက်ပိ - မော်လမြိုင်ကျွန်းလမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မိုးရာသီအတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းတိုးတက်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန် မူလလမ်းအမာခံရှိသည့် လမ်းအပိုင်းကို လမ်းတာပေါင်အကျယ်ချဲ့ခြင်း ဦးစားပေးဆောင်ရွက်ရန်နှင့် ရောက်ရှိပြီး စက်ယန္တရားများကို လုပ်ငန်းခွင်အတွင်း ထိရောက်စွာအသုံးပြုရန် မှာကြားသည်။

တာပေါင်ချဲ့

ယင်းနောက် ဝန်ကြီးသည် စက်ယန္တရား ရောက်ရှိမှု အခြေအနေ၊ စက်ယန္တရားများဖြင့် လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံအားပေး

ထို့နောက် ဝန်ကြီးသည် သုံးခွဆိုင်ကျေးရွာမှ ဒေသခံကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ အားပေးနှုတ်ဆက်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသော စာရေးကိရိယာများ၊ လွယ်အိတ်နှင့်အဝတ်အထည်များ ပေးအပ်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှလှူဒါန်းသော စာအုပ်၊ စာရေးကိရိယာများ၊ လွယ်အိတ်များနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကျောက်မော်ကျေးရွာ တွဲဖက်အလက၌ ဇွန် ၉ရက် နံနက် ၁၀နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်ဒေါ်ရီရီအောင်က ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ လွယ်အိတ်များနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။**(ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များသည် လပွတ္တာမြို့ (၃)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းရှိ မိဘမဲ့ ကလေးများနှင့် နို့တိုက်မိခင်များအား အဝတ်အထည်၊ ခြင်ထောင်နှင့် နို့မှုန့်ဘူးများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များသည် လပွတ္တာမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး လပွတ္တာမြို့နှင့် မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှလှူဒါန်းသော ငွေကျပ် ၁၀သိန်းကို တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ရီရီအောင်က ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်နှင့်အဖွဲ့သည် လပွတ္တာမြို့ အမက(၇)နှင့် မြောင်းမြမြို့ အထက(၆)တို့၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဧရာဝတီတိုင်း ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ လှူဒါန်းသည့်အခမ်းအနားကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုမှလှူဒါန်းသည့် ပစ္စည်းများကို ကျောင်းသားကျောင်းသူများအား ပေးအပ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဦးဆောင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၅

တာမွေမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ တာမွေမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ ကျောင်းအုပ် ဆရာဆရာမကြီးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများပူးပေါင်း၍ ယမန်နေ့နံနက်၇နာရီက စတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။ (ဓာတ်ပုံ)

အမျိုးသားရေး လှုပ်ရှားမှုတစ်ရပ်အနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် အခြားလူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများပူးပေါင်း၍ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့များတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်လှူဒါန်း

တာမွေမြို့နယ်၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ပညာသင်စရိတ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၂ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိန်မောင်ဝင်းက ငွေကျပ် ၁၁၂၉၀၀၀တန်ဖိုးရှိ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့်ဝတ်စုံစရိတ်အတွက် မြို့နယ်တွင်းရှိ ကျောင်းသားကျောင်းသူ ၈၄ဦးတို့အား ပေးအပ်လှူဒါန်းစဉ်။

(၁၇၁)

16-6 (10).pmd 1 6/16/2008, 1:32 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဘာကာမှကွင်းလယ်ကစားသမားဒေကို ချယ်လ်ဆီးသို့ရောက်လာဖွယ်ရှိ

လန်ဒန် ဇွန် ၁၅

ဘာစီလိုနာကွင်းလယ်ကစားသမား ဒေကိုသည် ချယ်လ်ဆီးနည်းပြဖြစ်လာသော စကိုလာရီနောက်သို့ လိုက်လာလိမ့်မည်ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

ဒေကို(**ယာပုံ**)သည် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာဟင်မိုဗစ်ချ်နှင့် ဇွန် ၁၃ရက်က တွေ့ဆုံခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာသည်။ ပေါ်တူဂီအသင်း သတင်းရပ်ကွက်များကလည်း ဒေကိုသည် ချယ်ဆီးလ်သို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိကြောင်း ပြောကြားလျက်ရှိသည်။

ဒေကိုသည် အင်တာမီလန်၌ မော်ရင်ဟိုနောက်သို့ လိုက်မည့်အစား ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာသော စကိုလာရီနောက်သို့ လိုက်လာမည်ဟု ယုံကြည်ထားသည်။

ပြောင်းရွှေ့ကစား

အဆိုပါ ကွင်းလယ်ကစားသမားသည် အခြားသောအသင်းများကလည်း ပြောင်းရွှေ့ရေးအတွက် အဆက်အသွယ်များ ပြုလုပ်ခဲ့ကြောင်း ပေါ်တူဂီအသင်းက ပြောကြားသည်။ ဘရာဇီးနိုင်ငံဖွား ဒေကိုသည် ၂၀၀၄ခုနှစ်က ပေါ်တိုအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

ဆွတ်ခူးပေးနိုင်ခဲ့

ဒေကိုသည် ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုလက်ထက်တွင် ပေါ်တိုအသင်းအား ယူအီးအက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ပြည်တွင်းဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

(အင်တာနက်)

ဘာမင်ဂမ်၏ အိုင်ယာလန်ဂိုးသမား အသင်းနှင့် နှစ်နှစ်စာချုပ်ထပ်မံတိုး

လန်ဒန် ဇွန် ၁၅

ဘာမင်ဂမ်အသင်း ဂိုးသမား မိုက်တေလာ(**ဝဲပုံ**)သည် ၂၀၁၀ပြည့်နှစ်အထိ သူ၏အသင်းနှင့် နှစ်နှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။

မြောက်အိုင်ယာလန် အသင်းလက်ရွေးစင်ဂိုးသမား မိုက်တေလာသည် ဘာမင်ဂမ်အသင်းနှင့် လက်ရှိစာချုပ်မှာ ယခုလကုန်ပိုင်းတွင် ကုန်ဆုံးမည်ဖြစ်သည်။ တေလာသည် ၂၀၀၃ခုနှစ် နွေရာသီက ဖူလ်ဟမ်အသင်းမှ ဘာမင်ဂမ်အသင်းသို့ ပြောင်းရွှေ့လာပြီးနောက် ဘာမင်ဂမ်အသင်းအတွက် ပွဲပေါင်း ၁၈၈ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။ ၎င်းအား ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နာမည်ကျော်ကြား

အသက်၃၆နှစ်ရှိ တေလာအား ၂၀၀၃ခုနှစ် ဩဂုတ်လက လန်ဒန်သို့ အငှားလာရောက်ကစားရာမှ ၂၀၀၄ခုနှစ် မတ်လက ပေါင်၁ဒသမ ၅သန်းဖြင့် စာချုပ်ခဲ့သည်။ တေလာသည် ဖူလ်ဟမ်အသင်းသို့ မရောက်လာမီ လိဂ်ပြိုင်ပွဲမရှိသော ဖန်ဘိုရပ်အသင်းနှင့်အတူ သူ၏ဘောလုံးသမားဘဝကို စတင်ခဲ့ရသည်။ ၎င်းသည် ဂျာမနီနိုင်ငံဖွား ဂိုးသမားဖြစ်သည်။ လန်ဒန်ကလပ်များသို့ ရောက်လာပြီးနောက် ထိပ်တန်းကလပ်များအကြား တစ်ဟုန်ထိုး နာမည်ကျော်ကြားအောင်မြင်သည့် ဂိုးသမားဖြစ်လာခဲ့သည်။

ကမ္ဘာ့ချန်ပီယံ ဂျိုးကယ်ဇာချီ အမေရိကန်လက်ဝှေ့သမားကို စိန်ခေါ်

လန်ဒန် ဇွန် ၁၅

ဂျိုးကယ်ဇာချီ(**ယာပုံ**)သည် ယခုနှစ်အတွင်း ဒဗလျူဘီစီနှင့် ဒဗလျူဘီအို မစ်ဒယ်ဝိတ်တန်း ချန်ပီယံဖြစ်လာသည့် ကယ်လီပက်ဗလစ်နှင့် ထိုးသတ်ရန် စိန်ခေါ်လိုက်သည်။

ဝေလလက်ဝှေ့ကျော် ကယ်ဇာချီသည် လွန်ခဲ့သောသီတင်းပတ်က အတ္တလန္တာစီးတီး၌ ကစားဖော် လာရီလော့ကတ်ကို တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ယူခဲ့သူဖြစ်သည်။

အလဲထိုးပွဲ

ကယ်ဇာချီသည် ကမ္ဘာ့အကောင်းဆုံး စူပါမစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဖ်ဟဲဗီးဝိတ် ချန်ပီယံခါးပတ်များကို ပိုင်ဆိုင်ထားသည့် လက်ဝှေ့အကျော်အမော်ဖြစ်သည်။ ၎င်းသည် လော့ကတ်ကို အလဲထိုးခဲ့ပြီးနောက် သူ၏အနိုင်ပွဲ ၄၄ပွဲတွင် ပွဲ၃၀မှာ အလဲထိုးပွဲဖြစ်လာခဲ့သည်။ **(အင်တာနက်)**

ရုရှားတို့သုံးမှတ်ရ၍ ဆက်လက်ရှင်သန်ဆဲ ယူရို၂၀၀၄ချန်ပီယံဂရိ အုပ်စုမှထွက်ရန် သေချာသွား

ဗီယင်နာ ဇွန် ၁၅

ယူရို ၂၀၀၈ ဘောလုံးပွဲစဉ်များကို ဩစတြီးယားနိုင်ငံ ဆဲလ်ဘတ်ဂ်မြို့၌ ဇွန် ၁၄ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဃ)မှ ဒုတိယပွဲစဉ်ဖြစ်သည့် ဂရိနှင့်ရုရှားတို့ပွဲတွင် ရုရှားက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး သုံးမှတ်စတင်ရရှိသည်။

ပွဲထွက်

ဂရိအသင်းတွင် (ဂိုး)နီကိုပိုလီဒစ်၊ ဆီတာရီဒစ်၊ ဒဲလိတ်၊ ကိုင်ဂီယာကို့၊ တိုရိုစီဒစ်၊ ကက်ဆိုရာနစ်၊ ဘာဆီနက်၊ ပက်ဆက်ဇော့ဂ်လူ၊ ချာရစ်တီး၊ လစ်ဘာရိုပိုးလော့စ်နှင့် အမန်နာတီဒစ်တို့ ပွဲထွက်ကစားခဲ့ကြသည်။

ပါဝင်ကစား

ရုရှားအသင်းတွင် (ဂိုး)အကင်ဖီးဗ်၊ အနီယူကို့ဗ်၊ ကိုလိုဒင်၊ အိုင်ဂနာရှီဗစ်ချ်၊ ဇိုင်ယာကို့ဗ်၊ ဆီမက်ခ်၊ တိုလိုဘင်စကီ၊ ဇိုင်ယန်နော့ဗ်၊ ဆင်ဗ်ရျော့ဗ်၊ ဆီယာလက်စီနော့ဗ်၊ ပက်ဗလူချင်ကိုတို့ပါဝင်ကစားခဲ့သည်။

ဦးဆောင်ဂိုး

နှစ်သင်းစလုံး အမှတ်မရသေးသော အသင်းများယှဉ်ပြိုင်သည့်ပွဲ ဖြစ်သည့်အလျောက် အနိုင်ရရှိရေး အထူးကြိုးစား ကစားသွားခဲ့ကြသည်။ ဂရိအသင်းမှ တိုက်စစ်မှူး ချာရစ်တီးသည် အသင်းအတွက် ရရှိလာသည့် ဂိုးသွင်းခွင့်များကို ဖြုန်းတီးပစ်ခဲ့သည်။ ဂရိနှင့် ရုရှားနှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားကြရင်း ပထမပိုင်း ၃၄မိနစ်တွင် တိုက်စစ်မှူး ဇိုင်ယန်နော့ဗ်(**ယာပုံ**)က ရုရှားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။

မအောင်မြင်ခဲ့

ဦးဆောင်ဂိုးရရှိပြီး ယုံကြည်ချက်ပြည့်ဝနေသော ရုရှားအသင်းသည် ဂိုးရရှိရေး ထပ်မံကြိုးစားခဲ့သည်။ ပွဲချိန် ၃၈မိနစ်တွင် ဂရိတို့ရသော အလွတ်တည်ကန်ဘောကို ဘာဆီနက်စ်ကကန်သွင်းရာ ရုရှားဂိုးသမား အကင်ဖီးဗ် ကာကွယ်နိုင်ခဲ့သည်။ ၃၉မိနစ်တွင် ဂရိတို့ ထောင့်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။

ဖျက်ထုတ်

ဒုတိယပိုင်း ပွဲချိန် ၆၄မိနစ်တွင် ပက်ဗလူချင်ကိုနှင့် အနီယူကို့ဗ်တို့ ဂိုးသွင်းရန်ကြိုးစားမှုကို ဂရိခံစစ်မှူး တိုရိုဆီဒစ် ဖျက်ထုတ်ကာကွယ်နိုင်ခဲ့သည်။ ဂရိတို့ တန်ပြန်တိုက်စစ်မှတစ်ဆင့် ရုရှားဘက်သို့ ချေပဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ဘဲ ပွဲပြီးချိန်တွင် ရုရှားတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး သုံးမှတ်စတင်ရရှိခဲ့သည်။ ယူရို ၂၀၀၄ ချန်ပီယံဂရိမှာမူ အုပ်စုအဆင့်မှ ထွက်ရန် သေချာသွားပြီဖြစ်သည်။

(အင်တာနက်)

* လက်ရှိချန်ပီယံဂရိ နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံကာ အုပ်စုမှထွက်ရ

* စပိန်အသင်း ဗိုလ်စွဲသည်အထိ ကြိုးစားသွားမည်ဟုဆို

* ဆွီဒင်အသင်းသည် အတွေ့အကြုံရင့်ကျက်သောအသင်းဖြစ်

* ရုရှားအသင်း မြန်ဆန်သော တန်ပြန်တိုက်စစ်ဖြင့်ကစားခဲ့

စပိန်၊ ဆွီဒင်၊ ရုရှားနှင့် ဂရိနည်းပြများ၏ ရင်ဖွင့်စကားများ

ဗီယင်နာ ဇွန် ၁၅

ယူရို၂၀၀၈ အုပ်စုပွဲစဉ်များကို ဇွန် ၁၄ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ စပိန်က ဆွီဒင်ကို နှစ်ဂိုး-တစ်ဂိုး၊ ရုရှားက ဂရိကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲများအပြီး နည်းပြများ၏ ရင်ဖွင့်သံကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်-

စပိန်နည်းပြလူးဝစ်

စပိန်နည်းပြ လူးဝစ်အာရာဂိုနက်စ်က "ဒီပွဲ အနိုင်ရခဲ့လို့ အလွန်ပဲပျော်ရွှင်မိပါတယ်။ ကျွန်တော်တို့ ဒုတိယပိုင်းမှာ အခွင့်အရေးအများကြီးရခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ကျွန်တော့်ကစားသမားတွေ ဂိုးပေါက်ပျောက်နေပြီး တွက်ဆထားသလို ဖြစ်မလာခဲ့ပါဘူး။

စပိန်နည်းပြလူးဝစ်အာရာဂိုနက်စ်

ကျွန်တော့်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှု ပိုများပါတယ်။ အသင်းကောင်းတစ်သင်းကို အနိုင်ရခဲ့လို့ ဂုဏ်ယူစရာအောင်ပွဲလို့ ဆိုချင်သလို ဗိုလ်စွဲရေးကို ဆတက်ထမ်းပိုးကြိုးစားရပါဦးမယ်"ဟု ပြောကြားသွားခဲ့သည်။

လာဂါဘက်ရဲ့ ရင်ဖွင့်သံ

"ပထမပိုင်းမှာ ကျွန်တော့်အသင်း ကစားပုံဟာ အလွန်ကောင်းပြီး ဘောလုံးပိုင်ဆိုင်မှုများတဲ့ စပိန်အသင်းထက်တောင် ဂိုးသွင်းဖို့ အခွင့်

ဆွီဒင်နည်းပြလာဂါဘက်

အရေး ပိုရပါတယ်။ ခါးသီးတဲ့ အရှုံးကို ရင်ဆိုင်ရပေမယ့်လည်း တာဝန်ကျေအောင် အကောင်းဆုံး ကစားခဲ့ကြတဲ့ ကျွန်တော့်ကစားသမားတွေကို ချီးကျူးဂုဏ်ပြုရမှာပါ"ဟု ဆွီဒင်နည်းပြလာဂါဘက်က ရင်ဖွင့်သွားခဲ့သည်။

ရုရှားနည်းပြ

"ရလဒ်ကောင်းရအောင် ကျွန်တော့်ကစားသမားအားလုံး ကြိုးကြိုးစားစားကစားသွားကြပါတယ်။ ခေတ်သစ်ဘောလုံးလောကမှာ တွန်းတွန်းတိုက်တိုက် ကစားရသလို ရလာတဲ့အခွင့်အရေးကိုလည်း လက်လွတ်အဆုံးအရှုံးခံလို့ မဖြစ်ပါဘူး။ ရုရှားကစားသမားတွေဟာ လိုအပ်ရင် ကစားအားတင်ပြီး အားထည့်ကစားတတ်တာသိလိုက်ရလို့ ကျွန်တော်ဝမ်းသာမိပါတယ်။ ဒီညမှာ အဆင့်မြင့်စံနှုန်းမြင့်တဲ့ ဘောလုံးကစားခြင်းရဲ့အကြောင်းကို သူတို့အားလုံး သိသွားကြပါပြီ။ သူတို့ရဲ့ မြန်ဆန်တဲ့ တန်ပြန်တိုက်စစ်ကစားနိုင်မှုကြောင့် ကျွန်တော့်အနေနဲ့ အလွန်ပဲ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဆွီဒင်နဲ့ကစားမယ့်ပွဲဟာ အခုပွဲနဲ့ကွာခြားပါတယ်။ သူတို့ဟာ တွန်းတွန်းတိုက်တိုက်ကစားတတ်ပြီး အတွေ့အကြုံရင့်ကျက်တဲ့အသင်းမို့ အထူးသတိထားကစားရပါမယ်"ဟု ရုရှားနည်းပြဂုစ်ဟစ်ဒင့်က ပြောကြားသွားခဲ့သည်။

ရုရှားနည်းပြဂုစ်ဟစ်ဒင့်

ဂရိနည်းပြအော်တိုရီဟာဂျယ်လ်

ကံမကောင်းတဲ့ဂရိနည်းပြ

ဂရိနည်းပြ အော်တိုရီဟာဂျယ်လ်က "ကျွန်တော့်အနေနဲ့ ထင်သလောက်စိတ်ပျက်မှုတော့ မဖြစ်မိပါဘူး။ ကျွန်တော့်အသင်းရဲ့ အဆင့်ကိုတော့ ကျွန်တော်သိပြီးသားပါ။ ကျွန်တော့်အားကစားသမားတွေရဲ့ ပြဿနာကတော့ ဂိုးသွင်းအားနည်းတာပါပဲ။ ရုရှားနဲ့ပြိုင်ပွဲဟာ ပြိုင်ဆိုင်မှုသိပ်များတဲ့ ပွဲတစ်ပွဲဖြစ်ခဲ့ပြီး ကျွန်တော့်ကစားသမားတွေဟာ ဆွီဒင်နဲ့ပွဲတုန်းကထက် ကစားတာ ပိုကောင်းပါတယ်။ ကံမကောင်းစွာပဲ ကျွန်တော်တို့ရလဒ်ကောင်းကို မဖန်တီးနိုင်ခဲ့ကြပါဘူး"ဟု ဖွင့်ဟခဲ့ကြပါကြောင်း။

(အင်တာနက်)

ယူရို၂၀၀၈ အုပ်စု(ခ) အလားအလာ

ဗီယင်နာ ဇွန် ၁၅

ယူရို၂၀၀၈ အုပ်စု(ခ)ပွဲစဉ်များကို ဇွန် ၁၆ ရက် (ယနေ့) **တွင် ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။**

ခရိုအေးရှားအသင်းသည် အုပ်စုကိုဦးဆောင်နေပြီး ကွာတားအဆင့်ကို တက်ရောက်ရန် သေချာနေပြီဖြစ်သည်။ ယနေ့ပွဲတွင် ပိုလန်ကို သရေကစားရုံဖြင့် အုပ်စုဗိုလ်ရမည်ဖြစ်သည်။

ဂျာမနီသည် ဩစတြီးယားကို သရေကစားရုံဖြင့် အုပ်စုဒုတိယဖြင့် ကွာတားတက်ရေး စိတ်မချရသေးသဖြင့် အနိုင်ကစားရန်လိုသည်။

အမြင့်ဆုံးရလဒ်သာဖြစ်

ဩစတြီးယားနှင့် ပိုလန်အသင်း နှစ်သင်းလုံးမှာ တစ်မှတ်စီသာရသေးသဖြင့် ပြိုင်ဘက်များကို အနိုင်ရအောင် ကစားမှသာ ယင်းနှစ်သင်းအနက် တစ်သင်းမှာ အုပ်စုဒုတိယဖြင့် ကွာတားတက်နိုင်မည် ဖြစ်သည်။ အထက်ပါရလဒ်များရရေးမှာ ယင်းနှစ်သင်းအတွက် ဖြစ်နိုင်ခြေ နည်းသော အခြေအနေဖြစ်ပြီး ပြိုင်ဘက်အသင်းကြီးနှစ်သင်းအား သရေကစားနိုင်လျှင်ပင် ယင်းအသင်းများအတွက် အမြင့်ဆုံးရလဒ်သာဖြစ်လိမ့်မည်ဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုးနှင့်ချစ်စိုးနိုင် စုစည်းသည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့အနေဖြင့် အမျိုးသမီးများ စာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်အတွက် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဟောပြောပွဲကို ကျင်းပခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

စဉ်ဆက်ပညာရေးဟောပြော

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ-အဖွဲ့ဝင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စီစီအေးက စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအကြောင်း ဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး ဟောပြောပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (ပညာရေး)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဒဂုံတက္ကသိုလ်၌ ပထမနှစ်မှတတိယနှစ်အထိ ကျောင်းသားကျောင်းသူများ ပထမနှစ်ဝက် စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးစဉ်။ (ပညာရေး)

သင်ကြားရေးလုပ်ငန်းများ စေတနာရှေ့ထားဆောင်ရွက် ဒဂုံတက္ကသိုလ်နှင့် ပညာရေးကောလိပ်များ ဝန်ကြီးဒေါက်တာချမ်းငြိမ်း လှည့်လည်စစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၁၅

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့နံနက်၉နာရီက ဒဂုံတက္ကသိုလ် အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံ၍ ဝန်ကြီးက စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ရာတွင် တာဝန်ရှိသူများက သေချာစွာ စိစစ်ဆောင်ရွက်ရန်၊ သင်ကြားရေးလုပ်ငန်းများကို စေတနာရှေ့ထား ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည်ပထမနှစ်မှ တတိယနှစ်အထိ ကျောင်းသားကျောင်းသူများ ပထမနှစ်ဝက်စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သဃ်န်းကျွန်းပညာရေးကောလိပ်ကျောင်းဆောင်များပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများနှင့် သဃ်န်းကျွန်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း ကျောင်းဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ရန်ကင်း ပညာရေးကောလိပ်ကျောင်းဆောင်များပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ဘာသာရပ်ဌာနအလိုက် သင်ကြားစီမံလုပ်ငန်းဆောင်ရွက်မှုများနှင့် ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း ကျောင်းဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

နောက်ဖေးလမ်းကြားပိတ်ဆို့မှု ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး (က+ဂ)ရပ်ကွက် (၁၆၁)လမ်းနှင့် (၁၆၂)လမ်းကြား နောက်ဖေးရှိ ပရိဘောဂဆိုင်နှစ်ဆိုင်သည် ကျူးကျော် အဆောက်အအုံများ ဆောက်လုပ်ပြီး နောက်ဖေးလမ်းကြားထွက်ပေါက်ကို ပိတ်ဆို့ထားပါသဖြင့် ရပ်ကွက်နေပြည်သူများအတွက် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ရေစီးမြောင်းများ ပိတ်ဆို့နေသဖြင့် အမှိုက်များ ပိတ်ဆို့နေခြင်းတို့ကြောင့် အဆိုပါ နောက်ဖေးလမ်းကြားပိတ်ဆို့နေခြင်းအား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်စိုးရိမ်သူ

ကြက်၊ ဘဲဆိုင် သားသတ်လုပ်ငန်း အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် ရန်ငြိမ်းလမ်းဘေးရှိ ကြက်၊ဘဲဆိုင်တစ်ဆိုင်သည် ရပ်ကွက်အတွင်း နေ့စဉ် နံနက်၆နာရီမှ ည၆နာရီအထိ ကြက်၊ဘဲများကိုသတ်ကာ လမ်းပေါ်တွင် စည်းကမ်းမဲ့စွာ ပစ်ထားသဖြင့် ၎င်းကြက်၊ဘဲအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နေပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရန်အောင်သား

မြောင်းကူးတံတား ပြုပြင်ပေးစေချင်

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်မန္တလေး-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းဆုံရာ ဂငယ်ကွေ့နေရာတွင် ယခင်က အလျားအရှည်၃၅ပေ၊ အကျယ်လေးပေရှိ အုတ်မြောင်းကူး ကွန်ကရစ်ကြမ်းခင်းတံတား ရှိပါသည်။

ယခုအခါ အဆိုပါတံတား ပျက်စီးသည်မှာ ကြာမြင့်နေပြီဖြစ်သဖြင့် ယာဉ်များ မတော်တဆမှု ကင်းဝေးစေရေး သက်ဆိုင်ရာမှ စိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကောင်းစေလိုသူ

လောင်းကစားသူများ အရေးယူပေးပါ

စာတည်းခင်ဗျား-

မြစ်သားမြို့နယ် ကူမဲ(၂၁)မိုင် ကင်းတားလမ်းပေါ် မိုင်းမောကျေးရွာ အုန္နဲဘုတ်တံတားထိပ် နတ်လွှဲမြောင်းဘောင်အနီး လမ်းဘေးဝဲယာ၌ဈေးဆိုင်များဖွင့်လှစ်ကာ ချဲထီနှင့်လောင်းကစားမျိုးစုံ ပြုလုပ်နေသဖြင့် အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

မိုင်းမောသား

ကျောက်ခွဲစက်အသံနှင့် ဖုန်မှုန့်ဒဏ် မခံနိုင်

စာတည်းခင်ဗျား-

တောင်စွန်းမြို့ စက္ကလေးကရင်စု မြို့မရပ်ကွက်များအကြား စက္ကလေးမွှောရုံနှင့် ပန်းခြံအနီးတွင် ကျောက်ခွဲစက်များသည် နေ့စဉ် ကျောက်များကြိတ်ခွဲလျက် ရှိပါသည်။

၎င်းကျောက်ခွဲစက်မှ အသံနှင့် ဖုန်မှုန့်များဒဏ်ကို မခံနိုင်ပါသဖြင့် သင့်လျော်ရာသို့ နေရာပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ

ဆူညံသံများ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်သာယာစက်မှုဇုန်(၁) အမှတ်(၁)ဈေးအနီးရှိ လက်ဖက်ရည်ဆိုင်အချို့တွင် နေ့ရောညပါသီချင်းများအော်ဟစ်ဆူညံသီဆိုခြင်းများကြောင့် ပတ်ဝန်းကျင်ပြည်သူများ အိပ်ရေးပျက်နေရပါသဖြင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

ကျောက်တန်းမြို့နယ်၌ ဘာသာပေါင်းစုံသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ထောက်ပံ့ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၁၅

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ယမန်နေ့က အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ MK ဦးလှဝင်း၊ ရန်ကင်းစင်တာမှ အလှူရှင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း ကျောက်တန်းမြို့ စိန်မေရီ မိဘမဲ့သီလရှင်ခရစ်ယာန်ကျောင်းသို့ ရောက်ရှိပြီး လေဘေးသင့် ခရစ်ယာန်ဘာသာဝင် အိမ်ထောင်စုများအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံ၊ သီလရှင်ကျောင်းနှင့် ရွှေနှလုံးတော်ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအတွက် အမိုးသွပ်ပြားများ၊ သွပ်ရိုက်သံများကို အလှူရှင်နှင့်အတူ ထောက်ပံ့လှူဒါန်းသည်။

ဆက်ကပ်

ထို့နောက် ဒုတိယဝန်ကြီးသည် အသောကာရာမဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိ၍ မြို့နယ်သံဃနာယက အဖွဲ့အကျိုးတော်ဆောင် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံနှင့် လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သွပ်ပြားများ၊ သွပ်ရိုက်သံများကို ဆက်ကပ်လှူဒါန်းသည်။

ထောက်ပံ့လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် စွန်နီဂျာမေဗလီသို့ ရောက်ရှိပြီး လေဘေးသင့် အစ္စလာမ်ဘာသာဝင် အိမ်ထောင်စုများအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံနှင့် ဗလီကျောင်းအတွက် အမိုးသွပ်ပြားများ၊ သွပ်ရိုက်သံများကို ထောက်ပံ့လှူဒါန်းသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စူဠာမဏိ ဟိန္ဒူဘုရားကျောင်းသို့ ရောက်ရှိပြီး လေဘေးသင့် ဟိန္ဒူဘာသာဝင် အိမ်ထောင်စုများအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံနှင့် ဘုရားကျောင်းအတွက် အမိုးသွပ်ပြားများ၊ သွပ်ရိုက်သံများနှင့် အလှူငွေကျပ် သုံးသိန်းတို့ကို ထောက်ပံ့လှူဒါန်းသည်။

တန်ဖိုးရှိ

ယနေ့ လှူဒါန်းမှုစုစုပေါင်းမှာ ကျောက်တန်းမြို့ပေါ်ရှိ ဗုဒ္ဓဘာသာနှင့် အခြားဘာသာများ၏ သာသနိကအဆောက်အအုံများအတွက် အမိုးသွပ်ပြား အချပ် ၁၀၀၀၊ သွပ်ရိုက်သံပိဿာ ၂၀၊ အလှူငွေကျပ် သုံးသိန်းနှင့် လေဘေးသင့် အခြားဘာသာဝင်မိသားစုများအတွက် ဆန်၊အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံ တန်ဖိုးငွေကျပ်သိန်း ၅၀ကျော်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ်၊ စက်ဆန်း၊ ကြိမ်ချောင်းကြီးကျေးရွာများ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မြင်ကွင်းမှတ်တမ်း

သတင်းမှတ်စု-မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံမှတ်တမ်း-ခင်မောင်ဝင်း(ကြေးမုံ) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း(မြန်မာ့အလင်း)

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ ကျေးရွာပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်သို့ မိမိတို့သတင်းအဖွဲ့ဝင်များ ဇွန် ၁၀ ရက်တွင် လိုက်ပါသွားခဲ့သည်။

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာရှိ လယ်မြေများ ထွန်ယက်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာနမှ စက်မောင်း(၄) ဦးအုန်းသန်းက ရှင်းပြစဉ်။

မိမိတို့သတင်းအဖွဲ့ဝင်များ လိုက်ပါခွင့်ရရှိခဲ့သည့် ကျေးရွာများကား မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှု အဖြစ်ဆုံး ကျေးရွာ၁၂ရွာတွင်ပါဝင်သည့် စက်ဆန်းနှင့် ကြိမ်ချောင်းကြီးကျေးရွာတို့ပင်။

စက်ဆန်းကျေးရွာကား ရေလုပ်ငန်းထက် လယ်ယာလုပ်ငန်း ဖွံ့ဖြိုးမှုကပိုသည်။ ကျေးရွာရှိလူဦးရေ ၂၃၈၉၈ ဦး ရှိပြီး လယ်ယာဧက၃၀၇၆၂ ဧကရှိသည်။

ပြည်ပအသံလွှင့်ဌာနများက မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်း ရေငန်များဝင်ရောက်မှုကြောင့် လယ်မြေဧကများ ပျက်စီးပြီး ယခုနှစ် မိုးစပါး စိုက်ပျိုး၍ မရနိုင်ဟုဆိုကြသော်လည်း မိမိတို့သတင်းအဖွဲ့ဝင်များသည် နီးစပ်ရာ လယ်ယာဦးကြီးများကို အထက်ပါအချက်နှင့်စပ်လျဉ်း၍ စစ်တမ်းကောက်ကြည့်မိရာ **“နဂိုကတည်းက ရေငန်ဝင်တဲ့ဒေသများဖြစ်၍ အဆန်းမဟုတ်ကြောင်း၊ ရေကျမြန်သည်က တစ်ကြောင်း၊ မိုးဖြိုင်ဖြိုင်ရွာသည်က တစ်ကြောင်းတို့ကြောင့် လယ်မြေထိခိုက်ပျက်စီးမှုမရှိကြောင်း၊ မြက်ပေါက်လျှင် စပါးစိုက်နိုင်ကြောင်း၊ ယခုပေါက်သော မြက်များကယခင်ကထက် ပို၍ပင် ရှင်သန်မှုကြီးထွားကြောင်း”** တိုင်ပင်ထားခြင်းမရှိဘဲ လက်တွေ့နှင့် ယှဉ်၍ လယ်သမား အားလုံးလိုလိုက တညီတညွတ်တည်း ဆိုကြသည်။

မြေကြီးကရွှေသီးရန် လယ်သမားကြီးများ ထွန်ယက်စိုက်ပျိုးဖို့ အသင့်ဖြစ်နေကြ၏။ ခွန်အားနှင့်ယှဉ်၍ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးအတွက် အာသီသရှိကြ၏။

စက်မှုလယ်ယာဦးစီးဌာနကလည်း ထွန်စက်အလုံး၂၀ ပေးပို့ထားပြီး မျိုးစပါးများလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာန ဆေးအကာအကွယ်ပေးရေးအဖွဲ့မှ ဒေါက်တာဖြိုးဝေနှင့်စကားစပ်မိ၍ ကျေးရွာ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းကြည့်ရာ **“သာမန်ဝမ်းပျက်လူနာတစ်ဦးသာ တွေ့ရကြောင်း၊ သာမန် ထိခိုက်ဒဏ်ရာ၊ နှာစေးချောင်းဆိုး၊ ရင်ကျပ်၊ ဖျားနာ၊ လူနာများသာ များကြောင်း၊ တစ်နေ့လျှင် လူနာအယောက် ၆၀ခန့်ကို ဆေးဝါးကုသ ပေးလျက်ရှိကြောင်း”**ရှင်းပြသည်။

ထို့မှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့်အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီးကျေးရွာသို့ ဆက်လက် ထွက်ခွာလာကြရာ ကျေးရွာသို့ ရောက်သော် တောသူတောင်လယ်သမားတို့၏ အသည်းစွဲ နာမည်ကျော်တေးသံရှင် တွံတေးသိန်းတန်၏ တောလေ့ သီချင်းသံများက လော်စပီကာမှ တစ်ဆင့် လွင့်ပျံ့ကြိုဆိုလျက်ရှိသည်။

ကြိမ်ချောင်းကြီးကျေးရွာ၏ ရွာရိုးလမ်းအတိုင်း လျှောက်လှမ်းရင်း လေ့လာကြည့်ခဲ့ရာ ကုန်စုံဆိုင်များ၊ ဈေးဆိုင်လေးများဖြင့် စည်ကားစပြုနေလေပြီ။ လက်ဖက်ရည်ကို စွဲလမ်းနှစ်ခြိုက်သူ တစ်ဦးပီပီ လက်ဖက်ရည် တစ်ခွက်ကို အပြေးအလွှား ဝယ်သောက်မိသေးသည်။

ထိုမှလွန်သော် စက်မှုလယ်ယာဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၊ Air Bagan တို့မှ လှူဒါန်းထားသော လက်တွန်းထွန်စက်များဖြင့် စုပေါင်း ထွန်ယက်နေကြသည်ကို တွေ့ရသည်။

ဝန်ကြီးဗိုလ်မှူးချုပ် သိန်းအောင်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆက်လက်ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားလျက်ရှိသည်။

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနနှင့် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်၊ Air Bagan တို့မှ လှူဒါန်းထားသော လက်တွန်းလယ်ထွန်စက်များဖြင့် စုပေါင်း၍ လယ်မြေများကို ထွန်ယက်နေကြစဉ်။

အဆိုပါထွန်ယက်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၊ Air Bagan တို့မှ ဝန်ထမ်းများကလည်း ပါဝင်ထွန်ယက်လျက်ရှိပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးအား မေးမြန်းကြည့်ရာ **“ကျွန်တော့်နာမည် ဦးအုန်းသန်းပါ။ ရာထူးက စက်မောင်း(၄)ပါ။ ကျွန်တော်တို့တာဝန်က စက်ပြင်ဆင်တယ်၊ တပ်ဆင်ပေးတယ်။ စက်မောင်းသူမရှိရင်မောင်းပေးပါတယ်။ အင်အား ၁၁ဦးရှိပါတယ်။ လက်ရှိ ဒီကျေးရွာအုပ်စုအတွက် လက်တွန်း ထွန်စက် ၁၀စီးပေးထားပါတယ်။ ထူးကုမ္ပဏီကစက်တွေကိုလဲ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ယခုလက်ရှိ ဘင်္ဂလားကျေးရွာမှာ ဧက ၄၀ထွန်ပြီးပါပြီ။ ကြိမ်ချောင်းကြီးကျေးရွာအတွက် အခုစတင်ထွန်ယက်နေပါပြီ။ လယ်တွေက စိုက်လို့ရပါတယ်”**ဟု ရှင်းပြသည်။

ဘိုကလေးမြို့နယ် လမုအုပ်ကြီးကျေးရွာတွင် တပ်မတော်ဆေး အကာအကွယ်ပေးရေးအဖွဲ့က ကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေစဉ်။

တစ်ဆက်တည်းမှာပင် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာဦးစိုးမိုးအေးက **“ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ကြိမ်ချောင်းကြီး ကျေးရွာအတွက် ဆန်အိတ် ၉၀၀၊ မျိုးစပါးတင်း ၁၀၀၀၀နဲ့ ထွန်စက်အစီး ၄၀ ပေးအပ်လှူဒါန်းထားပါတယ်။ ယခုလက်ရှိ ထွန်စက် ၂၅စီး ရောက်ရှိပြီး ထွန်ယက်နေပါတယ်။ ပြန်လည်ထူထောင်ရေးအဖြစ် ခုတင် ၆၀နဲ့ ၁၀၀ကြား ဆေးရုံတစ်ရုံနဲ့ စာသင်ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းဖို့ ပြင်ဆင်နေပါတယ်။ စာသင်ကျောင်းက ပေ ၃၀×ပေ ၇၀ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကွန်ကရစ်နဲ့ အခိုင်အမာဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ကြိမ် ရေဘေးများကြုံတွေ့ခဲ့ရင် ခိုလှုံနိုင်ရေးအတွက်ပါ ရည်ရွယ်ထားပါတယ်။ ရွာက ဘုန်းတော်ကြီးကျောင်းကိုလဲ ပြင်ဆင်မွမ်းမံပြီးပါပြီ”** ဟု ပြောကြားသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဆက်လက်၍ ဘုန်းတော်ကြီး ကျောင်းအတွင်း ယာယီကျောင်းဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများအား စာသင်ကြားမှုကို ကြည့်ရှုလေ့လာကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို လှူဒါန်းခဲ့သည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ကြိမ်ချောင်းကြီးကျေးရွာမှ ပြန်လည်ထွက်ခွာလာသည့်တိုင်အောင် ကလေးများ စာအံသည့်အသံများ၊ တွံတေးသိန်းတန်၏သီချင်းသံများက လွင့်ပျံ့နေဆဲပင်....။ ဤအသံ၊ ဤမြင်ကွင်းတို့ကား အနာဂတ် ကြိမ်ချောင်းကြီး ကျေးရွာ ပြန်လည်ဖွံ့ဖြိုးရေးအတွက် အရုဏ်ဦး အတိတ်နိမိတ်တစ်ရပ်ဟုသာ ညွှန်းဆိုလိုက်ချင်ပါသည်။ ။

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး ကျေးရွာတွင် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၊ Air Bagan တို့မှ လှူဒါန်းထားသော လက်တွန်းလယ်ထွန်စက်များကို တွေ့ရစဉ်။

အထက (၂)
ဘိုကလေး

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းကို တွေ့ရစဉ်။

ဘိုကလေးမြို့နယ် ဆိပ်ကမ်းကို ဤသို့တွေ့ရသည်။

ဘိုကလေး၊ ဖျာပုံနှင့် လပွတ္တာလေဘေးသင့် ပြည်သူများ လက်ဝယ်အရောက် အင်္ဂပူမြို့နယ် ဆန်စပါးကုန်သည်များအသင်း ငွေနှင့်ပစ္စည်းများ လှူဒါန်း

အင်္ဂပူ ဇွန် ၁၂

အင်္ဂပူမြို့နယ်ဆန်စပါးကုန်သည်များအသင်းနှင့်ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးတင်ထွန်း ခေါင်းဆောင်၍ အဖွဲ့ဝင်များဖြစ် ကြသော ဦးဝင်းလှိုင်၊ ဦးသိန်းဝင်း၊ ဦးထွန်းအောင်ကျော်၊ ဦးကျော်ဝင်း၊ ဦးမောင်ဝင်း၊ ဦးမောင်ကိုနှင့် အဖွဲ့ဝင် ၁၅ဦးပါဝင်သောအဖွဲ့သည် ဇွန် ၈ရက်က ဧရာဝတီတိုင်း ဘိုကလေးမြို့သို့သွားရောက်ကာ သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ စီစဉ်ညွှန်ကြားမှုဖြင့် မြို့မ၉ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်အောင်ထံ လေဘေး သင့် အိမ်ထောင်စု ၉၀၀၊ အမှတ် ၁၈ရပ်ကွက် လေဘေးသင့် အိမ်ထောင်စု ၅၀၀အတွက် ဥက္ကဋ္ဌ ဦးဝင်းကြည်ထံသို့ လည်းကောင်း၊ ထိုမှဆက်လက်ပြီး ဖျာပုံမြို့နယ် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်း တာဝန်ခံ ဦးမင်းဆွေထံသို့ လေဘေးသင့် အိမ်ထောင်စု၇၀၀အတွက် လည်းကောင်း၊ လပွတ္တာမြို့နယ် လေဘေးသင့် ကျေးရွာများဖြစ်သော ခနောင်ရွာ၊ တဲ့တဲ့တူးရွာ၊ ထင်းကွင်းရွာ၊ ရွှေပေချောင်းကျေးရွာ၊ ကုလားရ ကျေးရွာ၊စုကနိုင်း ကျေးရွာ၊ ငွေးချောင်းကျေးရွာတို့အား သွားရောက်ပြီး လေဘေးသင့်ပြည်သူများအတွက် ကြက်သွန်ပိဿာ၂၄၀၀၊ ပဲထောပတ် ပိဿာ၃၀၀၀၊ အသင့်စားသုံးနိုင်သော ငါးပိကြော် ၂၅ကျပ်သားထုပ်၂၄၀၀၊ အဝတ်အထည်မျိုးစုံ အထည်၅၀၀နှင့် ငွေကျပ် နှစ်သိန်းတို့ကို လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် သွားရောက်လှူဒါန်း ကြသည်။**(အပေါ်ပုံ)**

သွားရောက်လှူဒါန်းသော စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၇သိန်းခန့်ရှိကြောင်း သိရသည်။ (၁၇၇)

ကျောက်မဲမြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီကြီးမှူး နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေး၊ ပညာသင်ထောက်ပံ့

ကျောက်မဲ ဇွန် ၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကျောက်မဲမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီကကြီးမှူး၍ သံဃာ တော် အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၇- ၂၀၀၈နှင့် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃ရက်က ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးထူးငြိမ်းက အဖွင့်အမှာစကားပြော ကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်း များက နှစ်ပတ်လည် အစီရင်ခံစာ၊ ၂၀၀၇-၂၀၀၈ အစီရင်ခံစာအပေါ်၊ ဝေဖန် ဆွေးနွေး အကြံပြုချက်များ အပေါ် ပြန်လည်ရှင်းလင်းဖြေကြား ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး အသက်၈၀ အထက် စစ်မှုထမ်းဟောင်း ခြောက်ဦး၊ ဝန်ထမ်း ၁၂ဦး၊ ရုံးဝန်ထမ်း ခြောက်ဦး၊ စစ်မှုထမ်းဟောင်းလုပ်သက်အကြာ ဆုံး တာဝန်ထမ်းဆောင်သူ တစ်ဦး၊ နယ်မြေစည်းရုံးရေးမှူးများ၊ ကော်မတီဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စစ်မှုထမ်းဟောင်း သားသမီးများအတွက် ပညာသင်ထောက်ပံ့စရိတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဗိုလ်မှူးကြီးစိုးထူးငြိမ်းက တိုင်းပြည်အတွက် ခြေနှစ်ဖက်ပေးအပ်လှူဒါန်းခဲ့သော တပ်သားလှစိုးအား ဘီးတပ်ကုလားထိုင်တစ်လုံးနှင့် ငွေကျပ် ၄၀၀၀၀ကို ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးလွင်က လက်ခံယူ ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ပြည်မြို့ စပါးထောင်-ဘန့်ပြင်လမ်း ကျေးလက်ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မေ၂၂ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်မြို့သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီ ဆေးပဒ္ဒာန်း ထောက်ပံ့လှူဒါန်းပူဇော်ပွဲ ကျင်းပမည်

မော်လမြိုင် ဇွန် ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီ ပရိဝုဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၃)ကြိမ်မြောက် ဆေးပဒ္ဒာန်း ထောက်ပံ့လှူဒါန်းပွဲ ကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော်မတီများအား တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန်၂ရက်က အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ ဆေးပဒ္ဒာန်းထောက်ပံ့လှူဒါန်းပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က ယခုနှစ်ကျင်းပမည့် ဆေးပဒ္ဒာန်းထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ် ၃၀ ရက် (ဝါခေါင်လကွယ်နေ့)တွင် ကျင်းပမည်ဖြစ်၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျောင်းပေါင်း ၁၀၈ကျောင်း၊ သီလရှင်ကျောင်းသုံးကျောင်းတို့မှ သံဃာတော်နှင့် သီလရှင် အပါး၇၀၀၀ကျော် ကြွရောက်တော်မူမည်ဖြစ်ကြောင်း ပြောကြားကာ ဆပ်ကော်မတီအသီးသီးကို တာဝန်ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ၊ အသင်းအဖွဲ့များ၊ ဆေးတိုက်ပိုင်ရှင်များက ဆေးပဒ္ဒာန်းထောက်ပံ့လှူဒါန်းပွဲအတွက် ရန်ကုန်မြို့ ရွှေတိဂုံအနောက်ဘက်စောင်းတန်းအောက်ပစ္စယာရှိ မော်လမြိုင်အသင်း (ရန်ကုန်)ဖုန်း-၀၁-၂၅၆၁၅၇၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ် စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင်ဖုန်း- ၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့နယ် သတင်းများ

ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)နှင့် သခွတ်ပင်ကျေးရွာသို့ ဆက်သွယ်သောကျေးလက်မြေသားလမ်းဖောက်လုပ်မှုကိုဇွန်၃ရက်ကမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကော့ကရိတ်၌ သစ်ပင်စိုက်ပျိုး

ကော့ကရိတ် ဇွန် ၄

ကော့ကရိတ်မြို့နယ် ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို မေ၂၈ရက်က ကော့ကရိတ်မြို့ အထက(၁) ကျောင်းဝင်းအတွင်း၌ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်အတူ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ဥက္ကဋ္ဌဦးခင်ဝင်း၊ခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူ ၇၀၀တို့သည် ကျွန်းပျိုးပင်၁၀၀၀ကို အထက(၁) ကျောင်းဝင်းအတွင်း စုပေါင်း၍ စိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးမြို့၌ ယာဉ်၊ လမ်းစည်းကမ်းဆိုင်ရာပညာပေး

မကွေး ဇွန် ၄

မကွေးမြို့ အရှေ့ဦးပို့ဆောင်ရေးအသင်း(ထော်လာဂျီ)က ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို အဆိုပါအသင်းရုံးခန်းမ၌ ဇွန် ၁ ရက်က ကျင်းပသည်။

အခမ်းအနားသို့ တိုင်းပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှူး ဦးခင်မောင်မြင့်၊ တိုင်းကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှူးဦးဘိုကြည်၊ တိုင်းယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးစိန်ဝင်း၊ အသင်းဥက္ကဋ္ဌဦးသိန်းထွန်း၊ ထော်လာဂျီပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ကြပြီး ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို ဒုတိယရဲမှူးစိန်ဝင်းက ရှင်းလင်းဆွေးနွေး ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

လေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ) ငွေများလှူဒါန်း

တောင်ငူ ဇွန် ၅

လေဘေးသင့်ခံရသူ ပြည်သူများအတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း (တောင်ငူ)မှ ငွေကျပ် ငါးသိန်းကို အသင်းဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာသန့်ဇင်က တောင်ငူမြို့နယ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းထံသို့ မေ ၁၀ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ငူ)အသင်း ခန်းမဆောင်၌ ပေးအပ်သည်။

လှူဒါန်း

မြန်မာနိုင်ငံ ဆရာဝန်အသင်း (တောင်ငူ)အနေနှင့် အသင်းဝင်ဆရာဝန်များ တစ်ဦးချင်းအလိုက် စုပေါင်း၍ အလှူငွေကျပ် ၁၉၂၀၈၅၀နှင့် သင်္ကန်း၊ အဝတ်အစား၊ ဆန်၊ ဦးထုပ်၊ ဖိနပ်၊ ဆပ်ပြာ၊ ဓာတ်မီး၊ ဆေးပစ္စည်းမျိုးစုံ တို့ကို အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဘဆွေ ဦးဆောင်၍ တောင်ငူမြို့မှ စေတနာရှင် မြို့သူ မြို့သားများ၏ လှူဒါန်းငွေ၊ အသုံးအဆောင်ပစ္စည်း၊ စားစရာများနှင့်အတူ မေ၁၆ ရက်မှ ၁၇ရက်အထိ ကွမ်းခြံကုန်း၊ ဂျိုးဖြူ ဝါးကောက်၊ ဓမ္မိကာရုံ စာသင်တိုက်၊ ခါတော်မှီ ကျောင်းတိုက်၊ ကမာကလုံချောင်းဖျား၊ ဖျာပုံ၊ ဒေးဒရဲချောင်းဖျား၊ ဟိုင်းကြီးကျွန်း၊ ဆားမလောက် မြို့နယ်များသို့ ကိုယ်တိုင်သွားရောက် ကူညီထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သိရသည်။ (၀၅၂)

ပန်းဘဲတန်းမြို့နယ် ၃၁လမ်း အမှတ်၅၉နေ ဦးထွန်းပေါ်အား ရည်စူး၍ ဒေါ်သန်းသန်း မိသားစုက ကြေးပြားလေးချပ် တန်ဖိုးငွေကျပ် ၁၀၄၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

လားရှိုးမြို့ အကျဉ်းဦးစီးဌာန၌ ပညာသင်စရိတ်ထောက်ပံ့

လားရှိုး ဇွန် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အကျဉ်းဦးစီးဌာန ၂၀၀၈-၂၀၀၉ နှစ်ဦး ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ရက် နံနက် ၈နာရီက ဦးစီးဌာနရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပညာသင်ထောက်ပံ့ကြေး ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တက္ကသိုလ်အဆင့် တစ်ဦးလျှင်ငွေကျပ်၁၀၅၀၀နှုန်းဖြင့် လေးဦး၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၈၅၀၀နှုန်းဖြင့် ၁၁ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀နှုန်းဖြင့် ၁၈ဦး၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၅၅၀၀ နှုန်းဖြင့် ၂၇ဦးအတွက် စုစုပေါင်းငွေကျပ် ၄၁၀၀၀၀ကို လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (က-ပ)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း မေ ၂၃ ရက်က မင်းဘူးမြို့ အောင်မြေရေစုကန်သို့ ခြောက်လက်မပိုက်ဖြင့် ရေတင်ပိုက် သွယ်တန်းပြီးစီးမှုနှင့် မြို့ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မ၌ ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်

ဝါးခယ်မ ဇွန် ၂

ဝါးခယ်မမြို့နယ် သံကြိုးတိုင်ရပ်ကွက်ရှိ သာသနာ့ဟိတကာရီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တစန္ဒောဘာသအား တပည့်ဒါယကာ၊ ဒါယိကာမများ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် မွန်းတည့် ၁၂နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် နိုင်ငံကျော်အဆိုတော် စိုးစန္ဒာထွန်းက ရှစ်ဆယ်ပေါ်တေးထပ်၊ ရတု၊ ဓမ္မတေးသီချင်းများဖြင့် ဆရာတော်ကြီးအား ပူဇော်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပည့်ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (၁၃၉)

လေဘေးသင့်ပြည်သူများအတွက် စဉ့်ကူး၌ ထောက်ပံ့ငွေများလှူဒါန်း

စဉ့်ကူး ဇွန် ၄

လေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိကြရာ မေ ၂၂ရက် နံနက်၁၀နာရီက လေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ် လှူဒါန်းပွဲကို စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် စဉ့်ကူး-မန်းမော်တော်ယာဉ်အသင်းနှင့် ယာဉ်ပိုင်ရှင်များ လှူဒါန်းငွေကျပ် ငါးသိန်းကို အသင်းဥက္ကဋ္ဌ ဦးအောင်ရီ၊ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ လှူဒါန်းငွေကျပ် ၂၁၆၀၀၀ကို အခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်၊ ဦးဝမ်းမောင် (အောင်တံခွန်သကြားစက်) မိသားစုက အလှူငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှူက လက်ခံယူသည်။ (ယာပုံ)

လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများ လှူဒါန်း လိုသူများသည် စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ လာရောက်လှူဒါန်းနိုင်ကြကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဇီးကုန်းမြို့ပေါ်ရှိ မြို့မဈေးကြီး၊ အထက၊ အလကနှင့် အမကကျောင်း ငါးကျောင်းတို့တွင် မေ ၃၀ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် တောင်ကျောင်းကြီးရေထွက် ရေကန်တွင် မေ ၃ရက်က ကန်အတွင်း အမှိုက်သရိုက်များ၊ ဒိုက်မော့များနှင့် မြက်များဆယ်ယူ ရှင်းလင်းခြင်း၊ ကန်ပတ်ဝန်းကျင်မြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မုံရွာ ဇွန် ၃

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၅/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကို မေ ၂၇ရက် နံနက်၁၀နာရီက မုံရွာမြို့နယ် မရိုးတောကျေးရွာ ပညာရောင်ခြည် စာကြည့်တိုက်၌ ကျင်းပသည်။

ရေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းဆွေက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၅/၂၀၀၈) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေက စာကြည့်တိုက်တွင် ထားရှိရမည့် စာရင်းဇယား ရေးသွင်းနည်းများ၊ စာအုပ်များကို မျိုးတူစု ခွဲခြားနည်းများနှင့် သုတ ရသ စာအုပ်များ၊ ပညာရပ်အလိုက် ခွဲခြားနည်းများကို လက်တွေ့ပြသပေးသည်။ (ခရိုင် ပြန်/ဆက်)

ကောလင်းမြို့၌ ဗဒင်ချောင်းကူးတံတား စုပေါင်းဆောက်လုပ်

ကောလင်း ဇွန် ၁၀

ကောလင်းမြို့နယ် တောင်ပုံအုပ်စုကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ကျေးရွာချင်းဆက်ချောင်းကူးတံတားများ တည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိရာ သုဓမ္မရုံသီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ (ဓမ္မာစရိယ)၊ ကျေးရွာဥက္ကဋ္ဌ ဦးလှဘောနှင့်အဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူများ စုပေါင်း၍ အရှည်ပေ၇၀၊ အကျယ် ၁၅ပေရှိ ဗဒင်ချောင်းကူးတံတားကို မေ၃၀ရက်က စုပေါင်းဆောက်လုပ်ကြကြောင်း သိရသည်။ (၀၃၂)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နမ့်လန်မြို့ပေါ် ရပ်ကွက်များနှင့် နမ့်လန်မြို့မဈေးကြီး အတွင်းအပြင်တို့တွင် အဖွဲ့ဝန်ထမ်းများ အမှိုက်သိမ်း ထော်လာဂျီယာဉ်ဖြင့် အမှိုက်သိမ်းဆည်းဆောင်ရွက်မှုကို မေ၁၀ရက်က ဦးစီးအရာရှိ ဦးခင်မောင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌ စည်ပင်ပျိုးဥယျာဉ်မှ ပျိုးပင်များ ရွှေ့ပြောင်းစိုက်ပျိုး

မြစ်ကြီးနား ဇွန် ၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းလယ်ကျွန်း ပန်းပေါင်များ၊ လမ်းဘေးစိမ်းလန်းမြေနှင့် ပန်းဥယျာဉ်များတွင် ၁၂လရာသီလုံးပန်းများ ဖူးပွင့်နေစေရန်အတွက် ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် အစားထိုးစိုက်ပျိုးခြင်းကို စဉ်ဆက်မပြတ်စိုက်ပျိုးလျက်ရှိရာ မေ ၂၇ရက်က အဖွဲ့ဝန်ထမ်းများစုပေါင်း၍ ပြည်ထောင်စုလမ်း၊ ဆွမ်ပရာဘွမ်လမ်းမကြီး၊ သခင်နက်ဖေလမ်းနှင့် လမ်းလယ်ကျွန်းပန်းပေါင်တို့တွင် ပျိုးပင်များ အစားထိုးစိုက်ပျိုးခြင်း၊ လမ်းဝဲယာစိမ်းလန်းမြေတွင် စက္ကူပန်း၊ ခရာဝါ၊ ရွက်လှ၊ ပန်းအိ၊ နွယ်သာကီပန်းများ ဖြည့်စွက်စိုက်ပျိုးပေးရာသို့ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် ကြီးကြပ်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဒီကရီအတည်ပြုဆောင်ရွက်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ကျောက်တံတားမြို့နယ်တရားရုံးတော်၌

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၉

ဦးအသုနသီ(ခ) ဦးအောင်သိန်း

နှင့်

၁။ ဦးရမ်မဒါး
၂။ ဦးရမ်မဂန်
အမှတ် ၈၉၊ ၃၈လမ်း
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။ (ယခုလိပ်စာမသိ)

တရားနိုင် **တရားရှုံးများ**

အထက်ပါအမှုမှ တရားရှုံး ဦးရမ်မဒါးနှင့် ဦးရမ်မဂန်(ယခုလိပ်စာမသိသူတို့)သိစေရမည်။ သင်တို့အပေါ်၌ အထက်အမည်ပါ တရားနိုင် ဦးအသုနသီ(ခ)ဦးအောင်သိန်းက အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၁၇၃၃/၀၅ အမှု၏ ၂-၁၂-၂၀၀၅ရက်စွဲပါ အနိုင်ဒီကရီအပေါ် ဒီကရီအတိုင်းဆောင်ရွက်ပေးရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဇူလိုင် ၁၀ရက် (၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း၈ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားနိုင်၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ ချိန်းဆိုသည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ အမိန့်ချမှတ် ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၈ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြို့နယ်တရားသူကြီး၊
ကျောက်တံတားမြို့နယ်တရားရုံး။

မိဘအမည်မှန်

အ.မ.က(၁) ဗဟန်း G-3(A)မှ မောင်ထက်အာကာလင်း၏ ဖခင်အမည်မှန်မှာ ဦးတင့်ကျော် ၁၂/ဗဟန(နိုင်)၀၆၃၁၁၉နှင့် ဒေါ်ခင်ခင်အုန်း ၁၃/တကန(နိုင်)၀၁၂၁၁၇ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၇၈၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးဒုကြုံးနီး ၅/ကလထ(နိုင်)၀၉၁၅၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့။**

မာလာမြိုင်စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

နာဂစ်လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရန်အတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များ(Golden Seeds)နှင့် ပတ်ဝန်းကျင်ကျန်းမာရေးအတွက် ခြင်ဆေးဖျန်းစက်များကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ မာလာမြိုင်စိုက်ပျိုးရေးသုံး ပစ္စည်းအရောင်းစင်တာ ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၃၂၃၅၊ ၅၀၁၃၅၂၊ ၅၁၃၀၁၇ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။



အမည်ပြောင်း

အဖ ဦးမင်းသူဆွေ၏ သား အမက (၁၂) အင်းစိန် တတိယတန်း (C) မှ မောင်ခန့်မင်းဆက်အား မောင်နိုင်ဘုန်းထက်ဟု ခေါ်ပါရန်။

မောင်နိုင်ဘုန်းထက်။

မွေးသက္ကရာဇ်အမှန်

အဖ ဦးလောဂူး၏သား နမ့်ခမ်းမြို့ အထက(၁) ဆဋ္ဌမတန်းမှ မောင်ကျော်ဝင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၇-၁-၁၉၉၄ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၁၆၁၇၉ ကမ်ဘို 125မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဝင်းမာ၁၃/လရန(နိုင်)၀၂၈၇၂၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (လားရှိုး)။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူမောင်စည်သူအောင် ၁၂/ကတတ(နိုင်)၀၂၂၉၂သည် မိဘများဆုံးမမှုကို မနာခံဘဲ မိမိ၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး မိဘသဘောမတူညီသည့် ကိစ္စရပ်များကိုပြုမူလုပ်ဆောင်ပါသဖြင့် ၄င်းအားယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့် ပတ်သက်သည့်ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ **ဦးမြဦး ၁၂/ကတတ(နိုင်)၀၁၉၀၄၈**
ဒေါ်ခင်အေးမူ ၁၂/ကတတ(နိုင်)၀၁၉၀၅၀။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး မခင်မိမိခိုင် ၁၂/ဗဟန(နိုင်)၀၇၉၂၀၅သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ (၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ)

စုံစမ်းမေးမြန်းခြင်းသည်းခံပါ
ဦးသန့်ဇော်ဦး ၁၂/ဗဟန(နိုင်)၀၀၂၈၅၃။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၁၆၅၈၂ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဝင်း၈/မကန(နိုင်)၁၂၉၆၄၅က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး (မကွေး)သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး (မကွေး)။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၂၄၃၄၂ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်သူရထွန်း မှတ်ပုံတင်အမှတ် ၁၄/ပသန(နိုင်)၀၀၀၉၅၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး၊ (ပုသိမ်မြို့)။



နတ်တလင်း မြို့ပေါ်ရပ်ကွက်များ၊ မြို့မဈေးကြီးနှင့် စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းမှုကို မေ ၂၉ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီကာလ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး စီမံချက်အရ အမှတ်(၁)ရဲစခန်းဝင်းအတွင်း ခြင်ဆေးဖျန်းဆောင်ရွက်မှုကို ဇွန် ၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်သော အမှတ်(၁၂)ရပ်ကွက် ဈေးလမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို မေ ၂၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မင်းမင်းသန့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။